| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၅၆၈၇၇၉ | | | ၂ | ၂ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆၇၂၈၂ | - | ၂၆၇၂၈၂ | ၁ | ၁ | |
| | | ၂။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၂၃၀၅၀ | - | ၁၂၃၀၅၀ | ၁ | ၁ | |
| | | ၃။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၅၀၉၉ | - | ၇၅၀၉၉ | - | - | |
| | | ၄။ | ပြည်သူ့ပါတီ | ၄၄၆၆၅ | - | ၄၄၆၆၅ | - | - | |
| | | ၅။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၀၄၃၉ | - | ၃၀၄၃၉ | - | - | |
| | | ၆။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၈၂၄၄ | - | ၂၈၂၄၄ | - | - | |

ရှင်းလင်းချက် ။ ( ၁ ) မန္တလေးတိုင်းဒေသကြီးအမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ်(၁)နှင့် (၂)တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှု စာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၉-၁-၂၀၂၆ ရက်စွဲပါကြေညာချက်အမှတ် (၂၅/၂၀၂၆)ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

### အမျိုးသားလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ် )၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၂)

### နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၇၆၄၈၆၅ / ၂ = ၃၈၂၄၃၂

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | မန္တလေးတိုင်းဒေသကြီး | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၂) | | | ၇၆၄၈၆၅ | | | ၂ | ၂ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၁၄၇၆၇ | - | ၃၁၄၇၆၇ | ၁ | ၁ | |
| | | ၂။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၃၉၆၀၉ | - | ၁၃၉၆၀၉ | ၁ | ၁ | |
| | | ၃။ | ပြည်သူ့ပါတီ | ၉၅၆၀၀ | - | ၉၅၆၀၀ | - | - | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၉၁၉၇ | - | ၇၉၁၉၇ | - | - | |
| | | ၅။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၀၃၉၅ | - | ၇၀၃၉၅ | - | - | |
| | | ၆။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၅၂၉၇ | - | ၆၅၂၉၇ | - | - | |

ရှင်းလင်းချက် ။ ( ၁ ) မန္တလေးတိုင်းဒေသကြီးအမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ်(၃)နှင့် (၄)တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှု စာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၉-၁-၂၀၂၆ ရက်စွဲပါကြေညာချက်အမှတ် (၂၅/၂၀၂၆)ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

### အမျိုးသားလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ် )၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၃)

### နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၁၁၈၃၆၂၉ / ၂ = ၅၉၁၈၁၄

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | မန္တလေးတိုင်းဒေသကြီး | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၃) | | | ၁၁၈၃၆၂၉ | ၁ | | ၁ | ၂ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၉၈၄၈၈ | ၁ | ၆၆၇၄ | - | ၁ | |
| | | ၂။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၈၁၁၉၆ | - | ၁၈၁၁၉၆ | ၁ | ၁ | |
| | | ၃။ | ပြည်သူ့ပါတီ | ၁၁၂၁၄၃ | - | ၁၁၂၁၄၃ | - | - | |
| | | ၄။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၉၄၅၃၂ | - | ၉၄၅၃၂ | - | - | |
| | | ၅။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၃၅၂၇ | - | ၉၃၅၂၇ | - | - | |
| | | ၆။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၂၄၃၃ | - | ၇၂၄၃၃ | - | - | |
| | | ၇။ | လူမှုစီးပွားမြင့်တင်ရေးပါတီ | ၃၁၃၁၀ | - | ၃၁၃၁၀ | - | - | |

ရှင်းလင်းချက် ။ ( ၁ ) ၉-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် မန္တလေးတိုင်းဒေသကြီးအမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ် (၆)နှင့် ၂၉-၁-၂၀၂၆ ရက်စွဲပါကြေညာချက် (၂၅ /၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒနယ်အမှတ်(၅)တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှု စာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၃)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း၏ ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | |
| ၁ | မဲဆန္ဒနယ်အမှတ်(၁) | | | ၃၀၃၅၀၁ | ၂၃၃၆၉ | ၃၂၆၈၇၀ | |
| | | ဦးဝင်းလှိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၄၆၅၄ | ၁၆၄၅၆ | ၁၃၁၁၁၀ | ၄၀.၁၁% |
| | | ဦးစိန်မြိုင် | ပြည်သူ့ပါတီ | ၄၆၀၉၁ | ၁၄၄၉ | ၄၇၅၄၀ | ၁၄.၅၄% |
| | | ဦးစန်းလွင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၈၀၇၅ | ၂၀၂၇ | ၄၀၁၀၂ | ၁၂.၂၇% |
| | | ဦးစောဟန်အေး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၅၃၈၈ | ၁၁၁၉ | ၃၆၅၀၇ | ၁၁.၁၇% |
| | | ဦးအောင်ဇော် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၃၄၈၀ | ၇၇၇ | ၂၄၂၅၇ | ၇.၄၂% |
| | | ဦးမျိုးနိုင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၇၆၈၈ | ၆၅၈ | ၁၈၃၄၆ | ၅.၆၁% |
| | | ဦးအောင်နိုင်ထွန်း | ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၁၅၈၂၀ | ၃၉၀ | ၁၆၂၁၀ | ၄.၉၆% |
| | | ဦးမြင့်ငြိမ်း | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၃၀၅ | ၄၉၃ | ၁၂၇၉၈ | ၃.၉၂% |
| ၂ | မဲဆန္ဒနယ်အမှတ်(၂) | | | ၂၃၂၁၆၁ | ၁၇၆၀၁ | ၂၄၉၇၆၂ | |
| | | ဦးအောင်ဝင်းသန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၀၉၅၀ | ၁၁၈၁၇ | ၉၂၇၆၇ | ၃၇.၁၄% |
| | | ဦးကြည်သာဦး | ပြည်သူ့ပါတီ | ၅၃၀၅၈ | ၁၈၇၃ | ၅၄၉၃၁ | ၂၂.၀၀% |
| | | ဦးခင်တိုး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၄၃၇၁ | ၁၇၂၀ | ၃၆၀၉၁ | ၁၄.၄၅% |
| | | ဦးထွန်းထွန်းဦး | ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ | ၂၀၇၇၆ | ၇၈၀ | ၂၁၅၅၆ | ၈.၆၃% |
| | | ဒေါ်လှကြိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၈၉၅၁ | ၇၂၆ | ၁၉၆၇၇ | ၇.၈၈% |
| | | ဦးတင်မျိုးသူ | လေဘာပါတီ | ၁၂၃၂၇ | ၃၅၄ | ၁၂၆၈၁ | ၅.၀၀% |
| | | ဦးဒေးဗစ်လှမြင့် | ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၁၁၉၁၈ | ၃၃၁ | ၁၂၂၄၉ | ၄.၉၀% |
| ၃ | မဲဆန္ဒနယ်အမှတ်(၄) | | | ၃၄၃၇၅၇ | ၃၁၉၉၄ | ၃၇၅၇၅၁ | |
| | | ဦးဇော်ဝင်းသန့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၄၁၇၀၆ | ၂၄၈၄၆ | ၁၆၆၅၅၂ | ၄၄.၃၃% |
| | | ဦးသန်းစိုး | ပြည်သူ့ပါတီ | ၅၃၅၁၉ | ၁၅၇၃ | ၅၅၀၉၂ | ၁၄.၆၆% |
| | | ဒေါ်စုစုမောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၁၆၆၈ | ၁၉၂၉ | ၄၃၅၉၇ | ၁၁.၆၀% |
| | | ဦးအောင်ကျော်ထွန်းဦး | ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ | ၂၄၉၄၄ | ၇၀၈ | ၂၅၆၅၂ | ၆.၈၃% |
| | | ဦးနိုင်ဝင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၃၈၇၃ | ၈၅၀ | ၂၄၇၂၃ | ၆.၅၈% |
| | | ဦးအောင်ပြည့်စုံ | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၂၀၅၃ | ၉၇၃ | ၂၃၀၂၆ | ၆.၁၃% |
| | | ဦးအောင်မျိုးလွင် | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၉၈၆၁ | ၄၇၈ | ၂၀၃၃၉ | ၅.၄၁% |
| | | ဦးမြင့်အေး | ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၁၆၁၃၃ | ၆၂၉ | ၁၆၇၆၂ | ၄.၄၆% |
| ၄ | မဲဆန္ဒနယ်အမှတ်(၅) | | | ၆၄၆၅၁၅ | ၆၂၂၄၅ | ၇၀၈၇၆၀ | |
| | | ဦးအောင်သီဟ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၅၈၉၂၄ | ၄၇၅၄၈ | ၃၀၆၄၇၂ | ၄၃.၂၄% |
| | | ဦးမျိုးသီဟထွန်း | ပြည်သူ့ပါတီ | ၈၃၂၄၀ | ၂၇၆၄ | ၈၆၀၀၄ | ၁၂.၁၃% |
| | | ဦးဝင်းကြည် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၉၃၀၃ | ၄၅၂၀ | ၈၃၈၂၃ | ၁၁.၈၃% |
| | | ဒေါ်ခင်မိုမိုသိန်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၆၉၀၈ | ၁၇၃၀ | ၆၈၆၃၈ | ၉.၆၈% |
| | | ဒေါ်မြင့်မြင့်ခိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၈၄၅၇ | ၂၅၀၉ | ၆၀၉၆၆ | ၈.၆၀% |
| | | ဦးဇော်မိုးလွင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၂၉၅၇ | ၁၇၉၂ | ၄၄၇၄၉ | ၆.၃၁% |
| | | ဦးအောင်သူရ | လေဘာပါတီ | ၂၉၃၃၁ | ၆၁၂ | ၂၉၉၄၃ | ၄.၂၃% |
| | | ဦးအောင်မြတ်စိုး | ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ | ၂၇၃၉၅ | ၇၇၀ | ၂၈၁၆၅ | ၃.၉၈% |
| ၅ | မဲဆန္ဒနယ်အမှတ်(၆) | | | ၂၂၃၇၄၈ | ၁၀၈၅၉ | ၂၃၄၆၀၇ | |
| | | ဦးအေးပိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၁၂၄၉ | ၇၆၀၁ | ၈၈၈၅၀ | ၃၇.၈၇% |
| | | ဦးတင်မောင်အေး | ပြည်သူ့ပါတီ | ၃၄၀၀၈ | ၆၆၁ | ၃၄၆၆၉ | ၁၄.၇၈% |
| | | ဦးအောင်ဇင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၀၈၀၄ | ၈၁၂ | ၃၁၆၁၆ | ၁၃.၄၈% |
| | | ဦးခင်အောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၅၃၆၇ | ၆၃၈ | ၂၆၀၀၅ | ၁၁.၀၈% |
| | | ဒေါ်ယဉ်မိုးသွယ် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၀၈၁၂ | ၄၆၇ | ၂၁၂၇၉ | ၉.၀၇% |
| | | ဒေါ်ခင်သီရိအောင်ထွဏ်း | ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ | ၁၇၄၅၂ | ၄၅၄ | ၁၇၉၀၆ | ၇.၆၃% |
| | | ဦးနေလင်းထွန်း | လေဘာပါတီ | ၁၄၀၅၆ | ၂၂၆ | ၁၄၂၈၂ | ၆.၀၉% |

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၃)

## အမျိုးသားလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၁)

## နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = ခိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၈၃၈၁၉၉ / ၂ = ၄၁၉၀၉၉

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော ခိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၈၃၈၁၉၉ | | | ၂ | ၂ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၉၈၁၈၁ | - | ၃၉၈၁၈၁ | ၁ | ၁ | |
| | | ၂။ | ပြည်သူ့ပါတီ | ၁၁၃၀၅၈ | - | ၁၁၃၀၅၈ | ၁ | ၁ | |

စာမျက်နှာ ၁၂ သို့ ➡

➡ စာမျက်နှာ ၁၁ မှအဆက်

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ၃။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၈၈၄၁ | - | ၇၈၈၄၁ | - | - | |
| | | ၄။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၆၆၇၅ | - | ၅၆၆၇၅ | - | - | |
| | | ၅။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၃၃၀၁ | - | ၅၃၃၀၁ | - | - | |
| | | ၆။ | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၄၁၁၀ | - | ၄၄၁၁၀ | - | - | |
| | | ၇။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၈၅၉၃ | - | ၂၈၅၉၃ | - | - | |
| | | ၈။ | ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ | ၂၅၆၅၂ | - | ၂၅၆၅၂ | - | - | |
| | | ၉။ | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၃၀၂၆ | - | ၂၃၀၂၆ | - | - | |
| | | ၁၀။ | ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ | ၁၆၇၆၂ | - | ၁၆၇၆၂ | - | - | |

ရှင်းလင်းချက်။ (၁) ၁၈-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးအမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ် (၃)နှင့် ၂၉-၁-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၅/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒနယ်အမှတ်(၄)တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။

## အမျိုးသားလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ် )၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၂)
## နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၉၄၃၃၆၇ / ၂ = ၄၇၁၆၈၃

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၂) | | | ၉၄၃၃၆၇ | | | ၂ | ၂ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၉၅၃၂၂ | - | ၃၉၅၃၂၂ | ၁ | ၁ | |
| | | ၂။ | ပြည်သူ့ပါတီ | ၁၂၀၆၇၃ | - | ၁၂၀၆၇၃ | ၁ | ၁ | |
| | | ၃။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၁၅၄၃၉ | - | ၁၁၅၄၃၉ | - | - | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၆၉၇၁ | - | ၈၆၉၇၁ | - | - | |
| | | ၅။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၈၆၃၈ | - | ၆၈၆၃၈ | - | - | |
| | | ၆။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၆၀၂၈ | - | ၆၆၀၂၈ | - | - | |
| | | ၇။ | ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ | ၄၆၀၇၁ | - | ၄၆၀၇၁ | - | - | |
| | | ၈။ | လေဘာပါတီ | ၄၄၂၂၅ | - | ၄၄၂၂၅ | - | - | |

ရှင်းလင်းချက်။ (၁) ရန်ကုန်တိုင်းဒေသကြီးအမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ်(၅)နှင့် (၆)တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၉-၁-၂၀၂၆ ရက်စွဲပါကြေညာချက်အမှတ် (၂၅/၂၀၂၆)ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

## အမျိုးသားလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ် )၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၃)
## နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၅၇၆၆၃၂ / ၂ = ၂၈၈၃၁၆

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၃) | | | ၅၇၆၆၃၂ | | | ၂ | ၂ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၂၃၈၇၇ | - | ၂၂၃၈၇၇ | ၁ | ၁ | |
| | | ၂။ | ပြည်သူ့ပါတီ | ၁၀၂၄၇၁ | - | ၁၀၂၄၇၁ | ၁ | ၁ | |
| | | ၃။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၆၁၉၃ | - | ၇၆၁၉၃ | - | - | |
| | | ၄။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၃၉၃၄ | - | ၄၃၉၃၄ | - | - | |
| | | ၅။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၆၅၀၇ | - | ၃၆၅၀၇ | - | - | |
| | | ၆။ | ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၂၈၄၅၉ | - | ၂၈၄၅၉ | - | - | |
| | | ၇။ | ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ | ၂၁၅၅၆ | - | ၂၁၅၅၆ | - | - | |
| | | ၈။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၈၃၄၆ | - | ၁၈၃၄၆ | - | - | |
| | | ၉။ | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၇၉၈ | - | ၁၂၇၉၈ | - | - | |
| | | ၁၀။ | လေဘာပါတီ | ၁၂၄၉၁ | - | ၁၂၄၉၁ | - | - | |

ရှင်းလင်းချက်။ (၁) ရန်ကုန်တိုင်းဒေသကြီးအမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ်(၁)နှင့် (၂)တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၉-၁-၂၀၂၆ ရက်စွဲပါကြေညာချက်အမှတ် (၂၅/၂၀၂၆)ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

ဆက်လက်ဖော်ပြပါမည်။

# တိရစ္ဆာန်ကျင်ငယ်ရည်များဖြင့် သီးနှံစိုက်ပျိုးခြင်း

ဝါဝါ(စိုက်ပျိုးရေး)

ကမ္ဘာ့လူဦးရေတိုးပွားလာမှုနှင့်အတူ စားနပ်ရိက္ခာဖူလုံမှုရှိစေရေးအတွက် သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင်တစ်ဧကအထွက်နှုန်းတိုးတက်စေရေးအတွက် သီးနှံစိုက်ခင်းများတွင် ဓာတ်မြေဩဇာသွင်းအားစုများကို အလွန်အကျွံအသုံးပြုလာကြသည်။ ဓာတ်မြေဩဇာများ အလွန်အကျွံသုံးစွဲခြင်းသည် သီးနှံအရည်အသွေးကျဆင်းခြင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုဖြစ်ပေါ်စေပြီး ရေရှည်တွင် မြေဆီလွှာပျက်စီးမှုကိုဖြစ်ပေါ်စေသည်။ ရေရှည်တွင် စိုက်ပျိုးရေးကဏ္ဍတိုးတက်လာစေရေးအတွက်ဆောင်ရွက်ကြရာတွင်ဂေဟဗေဒစနစ်နှင့် လိုက်လျောညီထွေမှုရှိပြီး စိုက်ပျိုးမြေဆီလွှာနှင့်ပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်စေသည့် နည်းစနစ်များကို ပိုမိုလက်ခံကျင့်သုံးရန်လိုအပ်လာသည်။ ထို့ကြောင့် ဓာတ်မြေဩဇာသွင်းအားစုများသုံးစွဲခြင်းကိုလျှော့ချ၍ သဘာဝမြေဩဇာများပြုလုပ်ပြီး အချိုးကျပေါင်းစပ်သုံးစွဲရန်လိုအပ်သည်။ သို့ဖြစ်ပါ၍ လယ်ယာလုပ်ငန်းခွင်မှ အလွယ်တကူရရှိနိုင်သည့်အရင်းအမြစ်များကို အသုံးပြုခြင်းသည် စိုက်ပျိုးကုန်ကျစရိတ်နည်းပါးပြီး အကျိုးအမြတ်များများရရှိနိုင်မည်ဖြစ်သည်။ တိရစ္ဆာန်ကျင်ငယ်ရည်များကိုအသုံးပြု၍ သီးနှံများစိုက်ပျိုးထုတ်လုပ်ခြင်းသည် ရေရှည်တည်တံ့သော စိုက်ပျိုးရေးအတွက် အထောက်အကူဖြစ်စေနိုင်သည်၊ အော်ဂဲနစ်အခြေခံသဘာဝအရင်းအမြစ်များထဲမှ တိရစ္ဆာန်များ၏ကျင်ငယ်ရည်အသုံးပြု၍ တောင်သူများမိမိစိုက်ခင်းတွင် အလွယ်တကူအသုံးပြုနိုင်ရေးအတွက်ယခုဆောင်းပါးကိုရေးသားရခြင်းဖြစ်သည်။

**တိရစ္ဆာန်၏ကျင်ငယ်ရည်တွင် အာဟာရဓာတ်ပါဝင်မှု**

တိရစ္ဆာန်များ၏ ကျင်ငယ်ရည်တွင် သီးနှံများအတွက်လိုအပ်သောနိုက်ထရိုဂျင်ဓာတ်အများဆုံးပါဝင်ပြီး ဖော့စဖောရပ်၊ ပိုတက်စီယမ် စသည့်အပင်ကြီးထွားမှုအတွက်အရေးပါသည့်အာဟာရဓာတ်များနှင့် အနည်းလိုအာဟာရဓာတ်များလည်း ပါဝင်သည်။

**တိရစ္ဆာန်ကျင်ငယ်ရည်စုဆောင်းခြင်း**

ရှေးယခင်ကပင် တောင်သူများသည် မွေးမြူထားသော တိရစ္ဆာန်များမှ စွန့်ထုတ်လိုက်သည့် ကျင်ငယ်ရည်များကို မြောင်းသွယ်ပေးထားပြီး ကျင်းများထဲတွင်စုဆောင်းတတ်ကြသည်။ နွားတင်းကုပ်များ၌ သမံတလင်းခင်း၍ ကျင်ငယ်ရည်စီးကြောင်းပြုလုပ်ကာ ရေကန်ငယ်သို့မဟုတ် ရေပုံးခံ၍နွားကျင်ငယ်ရည်ခံယူနိုင်သည်။ နွားကျင်ငယ်ရည်စွန့်သည့်အချိန်တွင်လည်း တိုက်ရိုက်စုဆောင်းနိုင်သည်။ နွားတစ်ကောင်သည် တစ်ရက်လျှင် နွားကျင်ငယ်ရည် ၆ လီတာခန့် စွန့်ထုတ်နိုင်သည်။ ထို့ကြောင့် နွားတစ်ရှဉ်းရှိသော လယ်သမားတစ်ဦးသည် တစ်နှစ်လျှင် နွားကျင်ငယ်ရည် ၄၃၈၀ လီတာကို စုဆောင်းရရှိနိုင်သည်။

**တိရစ္ဆာန်ကျင်ငယ်ရည်၏ အကျိုးကျေးဇူးများ**

(က) သီးနှံကြီးထွားမှုကို ပိုမိုကောင်းစေခြင်း၊
(ခ) မြေဆီလွှာအတွင်း အကျိုးပြုသက်ရှိများပိုမိုပွားများလာစေပြီး ၎င်းတို့၏လုပ်ဆောင်မှု တိုးလာစေခြင်း၊
(ဂ) မြေဆီလွှာအတွင်း အနည်းလိုအာဟာရဓာတ်များ များပြားလာစေခြင်း၊
(ဃ) မြေဆီလွှာအတွင်း အော်ဂဲနစ်ပစ္စည်းများပါဝင်မှုကိုထိန်းပေးနိုင်ခြင်း၊
(င) ကုန်ကျစရိတ်နည်းနည်းနှင့် သီးနှံအထွက်တိုးစေခြင်း။

**အသုံးပြုပုံ**

တိရစ္ဆာန်ကျင်ငယ်ရည်ကို အပင်တွင်တိုက်ရိုက်အသုံးပြုပါက အပင်ကိုလောင်စေနိုင်သောကြောင့် ရေနှင့်အချိုးကျရော၍ ပြုပြင်ပြီးမှ အသုံးပြုရန်လိုအပ်သည်။ နွား၊ ကျွဲ ကျင်ငယ်ရည်တစ်ဆလျှင် ရေငါးဆမှ ၁၀ ဆခန့်ရောစပ်ရန်နှင့် ဝက်၊ ဆိတ်ကျင်ငယ်ရည်သည် ပိုမိုပြင်းအားပြင်းသည့်အတွက် ကျင်ငယ်ရည်တစ်ဆလျှင် ရေ ၁၅ ဆခန့်အထိရောစပ်အသုံးပြုရမည်။ ကျင်ငယ်ရည်ကို လတ်လတ်ဆတ်ဆတ်အသုံးပြုခြင်းထက် ပုံးထဲတွင် တစ်ပတ်မှနှစ်ပတ်ခန့်ပိတ်ထားပြီး အချဉ်ဖောက်အသုံးပြုခြင်းသည် ပိုမိုထိရောက်မှုရှိသည်။ အချဉ်ဖောက်ထားသော ကျင်ငယ်ရည်ကိုအသုံးပြုခြင်းဖြင့် နိုက်ထရိုဂျင်နှင့် အာဟာရဓာတ်များကို အပင်စုပ်ယူလွယ်သည့်ပုံစံသို့ ပြောင်းလဲပေးနိုင်သောကြောင့် အပင်ကြီးထွားမှုပိုမိုမြန်ဆန်စေသည်။ ကျင်ငယ်ရည်ထဲသို့ တင်လဲရည် သို့မဟုတ် ထန်းလျက်ရည် အနည်းငယ်ထည့်ပြီး အသုံးပြုပါက အကျိုးပြုပိုးမွှားများကို ပိုမိုပွားများလာစေသည်၊ အီးအမ်သို့မဟုတ် ငါးအမိုင်နိုအက်စစ်များနှင့်ရောစပ်အသုံးပြုပါက အကျိုးကျေးဇူးပိုမိုရရှိစေသည်။




**နွားကျင်ငယ်ရည် ရွက်ဖျန်းအားဆေး ပြုလုပ်ခြင်း**

ပထမဦးစွာ နွားကျင်ငယ်ရည်ဖျော်မည့် စည်ပိုင်း/ပုံးထဲသို့ ရေလီတာ ၂၀၀ ထည့်ပါ။ ထို့နောက် နွားချေး ၁၀ ကီလိုဂရမ်နှင့် နွားသေး ၅ လီတာမှ ၁၀ လီတာခန့်၊ ထန်းလျက် ၂ ကီလိုဂရမ်နှင့် ပဲမှုန့် ၂ ကီလိုဂရမ်၊ မြေကြီးလက်တစ်ဆုပ် သို့မဟုတ် မြေကြီး ၂၅၀ ဂရမ်မှ ၅၀၀ ဂရမ် ထည့်ပါ။ ရောစပ်ထားသည့်ပုံးအား တစ်ရက်သုံးကြိမ်မွှေပေးပါ။ မွှေသည့်အခါ နာရီလက်တံအတိုင်းမွှေပြီး တစ်ခါမွှေလျှင် အနည်းဆုံး ၁၀ မိနစ်ခန့်မွှေပေးပါ။ ရောစပ်ထားသည့် ပုံးအား နေရောင်တိုက်ရိုက် မထိတွေ့စေရန်၊ အစိုဓာတ်ထိန်းနိုင်ရန်နှင့် ယင်ကောင်များမနားစေရန်အတွက် အဝတ်စအပါးဖြင့် သေချာစွာစည်းနှောင်ပိတ်ပေးပါ။ ၅ ရက်မှ ၇ ရက်ကြာပြီးနောက် အပုပ်နံ့မထွက်ဘဲ ကစော်နံ့ကဲ့သို့ ချိုမွှေးမွှေး အနံ့ရရှိလာပါကအသုံးပြုနိုင်ပြီဖြစ်သည်။

**အသုံးပြုရမည့်နည်းလမ်းများ**

(က) **မြေကြီးထဲလောင်းပေးခြင်း**
အပင်၏အမြစ်ကိုတိုက်ရိုက်မထိစေရန် အပင်ခြေမှ အနည်းငယ်ခွာ၍ လောင်းပေးပါ။

(ခ) **အရွက်ကိုဖျန်းခြင်း (Foliar Spray)**
ရေနဲ့အဆများစွာ (ဥပမာ ၁:၂၀ အချိုး) ရောစပ်ပြီး အရွက်ကိုဖျန်းပေးခြင်းဖြင့် အပင်မှအာဟာရကို ချက်ချင်းစုပ်ယူနိုင်ပါသည်။

(ဂ) **မြေဆွေးပုံထဲထည့်ခြင်း**
မြေဆွေးပုံများ ဆောင်ရွက်သည့်အချိန်တွင် ကျင်ငယ်ရည်ကိုလောင်းပေးပါက ဆွေးမြည့်မှုနှုန်းမြန်လာပြီး အာဟာရဓာတ်ပိုမိုကြွယ်ဝစေမည်ဖြစ်သည်။

**သတိပြုရန်အချက်များ**

တိရစ္ဆာန်ကျင်ငယ်ရည်ကို ရေမရောဘဲတိုက်ရိုက်သုံးစွဲပါက အပင်သေနိုင်သည်။ နေရောင်ပြင်းချိန်တွင် အသုံးပြုပါက အပင်ကိုလောင်စေတတ်သည်။ ညနေခင်း သို့မဟုတ် မနက်စောစောအသုံးပြုပါက အကောင်းဆုံးဖြစ်သည်။ ရောဂါရှိသည့် တိရစ္ဆာန်ကျင်ငယ်ရည်ကို အသုံးမပြုရပါ။

**စပါးသီးနှံအတွက်အသုံးပြုပုံ**

စပါးပင်သည် နိုက်ထရိုဂျင်ဓာတ်ကို ကြိုက်နှစ်သက်သဖြင့် တိရစ္ဆာန်ကျင်ငယ်ရည်သည် အလွန်ထိရောက်မှုရှိသည်။ ပျိုးခင်း၊ စိုက်ခင်းပင်ပွားထွက်ချိန်နှင့် စပါးနှံမထွက်မီအချိန်တွင် အသုံးပြုနိုင်သည်။ နွားကျင်ငယ်ရည်တစ်ဆလျှင် ရေငါးဆမှ ၁၀ ဆအထိရောစပ်၍အသုံးပြုပါ။ စပါးခင်းရေသွင်းသည့်အချိန် ရေဝင်ပေါက်မှ ကျင်ငယ်ရည်ကို အစက်ချပေးခြင်းဖြင့် တစ်ကွင်းလုံးပျံ့နှံ့စေနိုင်သည်။ အရွက်ဖျန်းလိုပါက ရေအဆ ၂၀ ခန့်ရောပြီး ၁၅ ရက်တစ်ကြိမ်ဖျန်းပေးပါ။ အပင်ပွားနှုန်းကောင်းပြီး စပါးပင်ကို စိမ်းစိုသန်မာစေသည်။

**ပဲမျိုးစုံ (မတ်ပဲ၊ ပဲတီစိမ်း၊ မြေပဲ)အတွက် အသုံးပြုပုံ**

ပဲမျိုးစုံသီးနှံများသည် ၎င်းတို့၏ မြစ်ဖုများမှ နိုက်ထရိုဂျင်ကို ဖမ်းယူနိုင်စွမ်းရှိသောကြောင့် ကျင်ငယ်ရည်ကိုအလွန်အကျွံသုံးစွဲပါက အပွင့်အားနည်းသွားတတ်သည်၊ အပင်ပေါက်ပြီး ၁၅ ရက်သားမှ အပွင့်မပွင့်ခင်အထိသာ သုံးသင့်သည်။ ကျင်ငယ်ရည်တစ်ဆလျှင် ရေ ၁၀ ဆမှ ၁၅ ဆခန့်ရောစပ်အသုံးပြုပါ။ အရွက်များအားဖျန်းပေးခြင်းသည် ပိုမိုထိရောက်စေသည်။ အပွင့်ပွင့်နေချိန်တွင် ကျင်ငယ်ရည်ပက်ဖျန်းပါက အပွင့်ကြွေကျတတ်သောကြောင့် အပွင့်မပွင့်မီသုံးစွဲရန်အရေးကြီးသည်။

**ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်း)အတွက်အသုံးပြုပုံ**

ဆီထွက်သီးနှံများသည် အပင်အစောပိုင်းကြီးထွားမှုအတွက် နိုက်ထရိုဂျင်လိုအပ်သကဲ့သို့ အစေ့အဆန်အောင်မြင်စေရန်အတွက် ပိုတက်စီယမ်လိုအပ်သည်။ အပင်သက်တမ်းငယ်စဉ်ကာလနှင့် အသီးတင်ချိန်တွင်သုံးစွဲနိုင်သည်။ ကျင်ငယ်ရည်တစ်ဆလျှင် ရေ ၁၀ ဆခန့်ရောစပ်အသုံးပြုပါ။ မြေဆီလွှာထဲသို့လောင်းပေးခြင်းသည် အမြစ်ကိုသန်မာစေပြီး အပင်ယိုင်လဲမှုကို ကာကွယ်ပေးသည်။ အကြံပြုချက်အနေဖြင့် နှမ်းစိုက်ပျိုးရာတွင် ကျင်ငယ်ရည်ထဲတွင် ပြာအနည်းငယ် ရောစပ်ပေးနိုင်ပါက ဆီထွက်နှုန်းကိုပိုမိုကောင်းမွန်စေသည်။

ပြည်တွင်းစားနပ်ရိက္ခာဖူလုံစေပြီး ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေးအတွက် အဓိကသီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေးကြိုးပမ်းဆောင်ရွက်ကြရာတွင် ဓာတုမြေဩဇာများ သီးသန့်အသုံးမပြုဘဲ သဘာဝမြေဩဇာများနှင့် အချိုးကျပေါင်းစပ်အသုံးပြုကြရမည်ဖြစ်သည်။ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများမှ ကျင်ငယ်ရည်များကိုအသုံးပြု၍ သီးနှံများစိုက်ပျိုးထုတ်လုပ်ခြင်းသည် သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး၊ ထုတ်ကုန်များဘေးအန္တရာယ်ကင်းရှင်းရေး၊ ဓာတုသွင်းအားစုသုံးစွဲမှု လျှော့ချရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။ စိုက်ပျိုးမြေဆီလွှာကျန်းမာရေးတိုးတက်ကောင်းမွန်စေ၍ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကိုလျှော့ချနိုင်ပြီး ရေရှည်တွင် သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် တိရစ္ဆာန်ကျင်ငယ်ရည်များကို ပြုလုပ်သုံးစွဲကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

**တိရစ္ဆာန်များကျင်ငယ်ရည်များ၏ ဓာတ်ခွဲစမ်းသပ်မှုရလဒ်**

| စဉ် | တိရစ္ဆာန်များ၏ ကျင်ငယ်ရည် အမျိုးအစား | နိုက်ထရိုဂျင် စုစုပေါင်း (%) | ဖော့စဖောရပ် စုစုပေါင်း (%) | ပိုတက်စီယမ် (%) | ဆာလဖာ စုစုပေါင်း (%) | အော်ဂဲနစ် ပစ္စည်း (%) | ဘိုရွန် (%) | ဇင့် (%) | ကော့ပါးလ် (ppm) |
|---|---|---|---|---|---|---|---|---|---|
| ၁။ | ဝက်ကျင်ငယ်ရည် | ၀.၁၄ | ၀.၀၈ | ၀.၀၅ | ၀.၀၇ | ၀.၃၆ | ၀.၀၀၂ | ၇.၀ | ၂၀.၉ |
| ၂။ | နွားကျင်ငယ်ရည် | ၀.၁၈ | ၀.၀၂ | ၀.၂၁ | ၀.၀၈ | ၀.၅၀ | ၀.၀၀၂ | ၅.၈ | ၁၅.၉ |
| ၃။ | ဆိတ်ကျင်ငယ်ရည် | ၀.၉၆ | ၀.၀၁ | ၂.၄ | ၀.၁၀ | ၂.၇၆ | ၀.၀၀၂ | ၄.၄ | ၁၆.၂ |
| ၄။ | ကျင်ငယ်ရည် (အရော) | ၀.၃၉ | ၀.၀၃ | ၀.၉၆ | ၀.၀၈ | ၁.၁၇ | ၀.၀၀၂ | ၅.၆ | ၁၆.၂ |

# ဧရာဝတီမြစ်ဆုံ-မြစ်ညှာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

မြစ်ကြီးနား ဇန်နဝါရီ ၂၉

ဧရာဝတီ မြစ်ဆုံ-မြစ်ညှာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ ကချင်ပြည်နယ် ဒေသခံကော်မတီအဖွဲ့ဝင်များ၊ နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ပညာရှင်များနှင့် လီဆူတိုင်းရင်းသားမျိုးနွယ်စုများ၊ ဒေသခံပြည်သူများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ ရွှေပြည်သာရပ်ကွက် လီဆူရိုးရာယဉ်ကျေးမှုကွင်းခန်းမဆောင်၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အဓိကကျသည့် စွမ်းအင်လိုအပ်ချက်၊ စွမ်းအင်ရရှိမှုဆိုင်ရာ စီမံကိန်းများနှင့်စပ်လျဉ်းပြီး ဧရာဝတီ မြစ်ဆုံ-မြစ်ညှာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ သိသင့်သိထိုက်သည်များကို ပညာရှင်များက ရှင်းလင်းဆွေးနွေးပေးသွားမည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် ဟောပြောဆွေးနွေးချက်များအပေါ် ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေးပေးကြစေလိုကြောင်းနှင့်ပြည်နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အားလုံးလက်တွဲ၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ဝင် ငလျင်နှင့် အင်ဂျင်နီယာဘူမိဗေဒပညာရှင် ဒေါက်တာအေးလွင်က ငလျင်လှုပ်ခတ်မှုဆိုင်ရာ အခြေခံသဘောတရားများနှင့် ရေလှောင်တမံတည်ဆောက်မှုဆိုင်ရာပုံစံများအကြောင်း သိကောင်းစရာများ၊ ရေအားလျှပ်စစ်ဒီဇိုင်းပညာရှင် ဒေါ်မြကြေးမုံက ရေအားလျှပ်စစ်ထုတ်ယူသုံးစွဲမှုနှင့် ရရှိနိုင်သည့်အကျိုးကျေးဇူးများ၊ ကမ္ဘာ့နိုင်ငံကြီးများမှ ရေအားလျှပ်စစ်စီမံကိန်းကြီးများ၏ အကြောင်းအရာများ၊ မြစ်ကြောင်းထိန်းသိမ်းရေးပညာရှင် ဦးဇော်လွင်က ဧရာဝတီမြစ်နှင့်စပ်လျဉ်း၍ မြစ်ကြောင်းဖြစ်ပေါ်မှုအခြေအနေများ၊ ထိန်းသိမ်းဆောင်ရွက်နိုင်သည့် နည်းလမ်းများ၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှုပညာရှင် ဦးဟိန်းထက်က မြစ်များဖြစ်ပေါ်လာမှု၊ တမံများတည်ဆောက်ခြင်း၊ စွမ်းအင်ရရှိမှု၊ နည်းပညာနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များ ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသည့် လီဆူတိုင်းရင်းသားများ၊ ဘာသာရေးဆရာများ၏ အမြင်သဘောထားများ၊ မေးမြန်းဆွေးနွေးမှုများကို ပြန်လည်ရှင်းလင်းဖြေကြားပေးကြသည်။



အဆိုပါဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးများ၊ ကချင်ပြည်နယ် ဒေသခံကော်မတီအဖွဲ့ဝင်များ၊ နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့မှ ပညာရှင်များ၊ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြစ်ကြီးနားမြို့နယ်အတွင်းရှိ လီဆူမျိုးနွယ်စုဝင် ဘာသာရေးဆရာများ၊ မျိုးနွယ်စုခေါင်းဆောင်များ၊ လူငယ်အဖွဲ့အစည်းများနှင့် ဒေသခံများ စုစုပေါင်း ၁၀၀၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# တောင်ငူ-နေပြည်တော် ရထားလမ်းပိုင်း မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး ပြုပြင်နေမှုနှင့် တောင်ငူမြို့ရှောင် ရထားလမ်းဖောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၂၉

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် ယနေ့တွင် မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာများ၊ တိုင်းတာဝန်ခံအရာရှိများနှင့်အတူ တောင်ငူ – နေပြည်တော် ရထားလမ်းပိုင်း မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး ပြုပြင်ဆောင်ရွက်နေမှု၊ အဆိုပါရထားလမ်းပိုင်းတွင် ဘူတာအသစ်များ ပြန်လည်တည်ဆောက်နေမှု၊ ရထားလမ်းပိုင်းရှိ တံတားများအခြေအနေ၊ Automatic Levelling, Lining and Tamping Machine(ALLTM) စက်ဖြင့် ကျောက်ဖြည့်ပါကင်ရိုက်ခြင်း၊ တောင်ငူမြို့ရှောင်ရထားလမ်း တာပေါင်မြေကြီးလုပ်ငန်းနှင့် တံတားလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တောင်ငူ – နေပြည်တော် ရထားလမ်းပိုင်း၌ မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး ပြုပြင်ဆောင်ရွက်နေမှုလုပ်ငန်းအခြေအနေကို RBE ရထားဖြင့် လိုက်ပါစီးနင်း၍ စစ်ဆေးရာ ဒုတိယဝန်ကြီးက လမ်းပိုင်းအတွင်း အသစ်ပြန်လည်တည်ဆောက်နေသည့်ဘူတာများ သတ်မှတ်ကာလအတွင်း လုပ်ငန်းများအမြန်ပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံနှုန်းများအတိုင်း တည်ဆောက်ရေးအလေးထားဆောင်ရွက်ရန်နှင့် တောင်ငူ-နေပြည်တော်ကြား အမြန်နှုန်း ၇၅ ကီလိုမီတာနှုန်း အပြည့်အဝမောင်းနှင်နိုင်ရေး စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက်တောင်ငူမြို့ရှောင်ရထားလမ်း တာပေါင်မြေကြီးလုပ်ငန်းနှင့်တံတားလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် တောင်ငူဘူတာနှင့် ယာဒ်ဝင်းကို ကြည့်ရှုစစ်ဆေးပြီး ဘူတာ၌ တိုင်းတာဝန်ခံအရာရှိများ၊ စီမံကိန်းအင်ဂျင်နီယာများနှင့် တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးက မိမိတိုင်းနယ်မြေအတွင်းရှိ ဘူတာများ၊ ယာဒ်ဝင်းများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး စနစ်တကျဆောင်ရွက်ရန်၊ ရထားစီးခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ နားနေသွားလာနိုင်အောင် စီစဉ်ဆောင်ရွက်သွားရန်၊ ဘူတာယာဒ်ဝင်းနှင့် ရထားလမ်းတစ်လျှောက်ရှိ ဌာနပိုင်ပစ္စည်းများ ပျောက်ဆုံး/ ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေး ရထားရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍ စနစ်တကျစစ်ဆေးဆောင်ရွက်သွားရန်နှင့် စီမံကိန်းလုပ်ငန်းများအား သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ကြပ်မတ်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၁၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၂၉

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင်ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇန်နဝါရီလ ၃၀ ရက်မှ ဖေဖော်ဝါရီလ ၂ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၁၅၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့်ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့်မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်းသိရသည်။

မြဝတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၁-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၁၅ | ၂၄၃၀ | ၂၃၉၅ | ၂၃၃၀ | ၂၄၃၅ | ၂၄၅၀ | ၂၄၆၅ | ၂၃၈၅ | ၄၅၀၅ | ၂၆၈၀ | ၂၄၀၀ | ၂၅၉၅ | ၂၄၇၅ | ၂၄၄၀ | ၂၄၆၀ | ၂၇၁၅ |
| 95 Ron | ၂၃၆၀ | ၂၄၇၅ | ၂၄၄၀ | ၂၃၇၅ | ၂၄၈၀ | ၂၄၉၅ | ၂၅၁၅ | ၂၄၃၀ | ၄၅၆၀ | ၂၇၂၅ | ၂၄၅၀ | ၂၆၅၅ | ၂၅၂၀ | ၂၄၈၅ | ၂၅၀၅ | ၂၇၆၅ |
| HSD (500 ppm) | ၂၃၈၀ | ၂၄၉၅ | ၂၄၆၀ | ၂၃၉၅ | ၂၅၀၀ | ၂၅၁၅ | ၂၅၃၅ | ၂၄၅၅ | - | ၂၇၄၅ | ၂၄၇၀ | ၂၉၅၅ | ၂၅၄၀ | ၂၅၀၅ | ၂၅၃၀ | ၂၇၈၅ |
| HSD (50 ppm) | ၂၆၆၀ | ၂၇၇၀ | ၂၇၄၀ | ၂၆၇၅ | ၂၇၈၀ | ၂၇၉၅ | ၂၈၁၀ | ၂၇၃၀ | ၄၈၃၀ | ၃၀၂၅ | ၂၇၄၅ | ၂၉၆၅ | ၂၈၂၀ | ၂၇၈၅ | ၂၈၀၅ | ၃၀၆၀ |
| HSD (10 ppm) | ၂၆၆၀ | ၂၇၇၀ | ၂၇၄၀ | ၂၆၇၅ | ၂၇၈၀ | ၂၇၉၅ | ၂၈၁၀ | ၂၇၃၀ | - | ၃၀၂၅ | ၂၇၄၅ | ၂၉၆၅ | ၂၈၂၀ | ၂၇၈၅ | ၂၈၀၅ | ၃၀၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၆၄ | ၂၂၄၁ |
| 95 Ron | ၂၂၀၉ | ၂၂၈၆ |
| HSD (500 ppm) | ၂၂၃၀ | ၂၃၀၄ |
| HSD (50 ppm) | ၂၄၉၇ | ၂၅၇၇ |
| HSD (10 ppm) | ၂၄၉၇ | ၂၅၇၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဂမ်ဘီယာနှင့်မြန်မာတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲဆက်လက်ပြုလုပ် မြန်မာ၏ ဒုတိယအကျေ့ာလျှောက်လဲမှုများစတင်

နေပြည်တော် ဇန်နဝါရီ ၂၉

ဂမ်ဘီယာနှင့်မြန်မာတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲ (Oral Hearing) ကို ဇန်နဝါရီလ ၁၂ ရက်မှ ၂၉ ရက်အထိ နယ်သာလန်နိုင်ငံ၊ သည်ဟိဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ)၌ ပြုလုပ်လျက်ရှိရာ မြန်မာ၏ဒုတိယအကျေ့ာလျှောက်လဲမှုကို ဇန်နဝါရီလ ၂၈ ရက် ညနေ ၃ နာရီတွင် စတင်သည်။

မြန်မာနိုင်ငံ၏ရှေ့နေများက ဂမ်ဘီယာ၏အထောက်အထားများခိုင်လုံမှုမရှိကြောင်းနှင့် တရားသူကြီးများ၏ မေးခွန်းများကို လျှောက်လဲဖြေကြားကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ၏ ဦးဆောင်ရှေ့နေ Mr. Christopher Staker က မြန်မာနိုင်ငံ၏ ဒုတိယအကျေ့ာလျှောက်လဲချက်၏ အဖွင့်နိဒါန်းပြောကြားရာတွင် မြန်မာနိုင်ငံ၏ပထမအကျေ့ာလျှောက်လဲချက်တွင်ဖော်ပြခဲ့သည့်ရပ်တည်ချက်အတိုင်း ဆက်လက်ရပ်တည်ပါကြောင်း၊ ဂမ်ဘီယာသည် အထောက်အထားအသစ်မတင်ပြနိုင်ဘဲ အချက်အလက်စုံစမ်းရှာဖွေရေးအဖွဲ့ (FFM) နှင့်ကျွမ်းကျင်သက်သေ Newton ၏အချက်အလက်များကိုသာ ဆက်လက်ကိုးကားနိုင်သည်ကိုတွေ့ရကြောင်း၊ အချိန်ကိုင့်ညှာသောအားဖြင့် ဂမ်ဘီယာ၏စွပ်စွဲချက်အားလုံးကို ဖြေဆိုမည်မဟုတ်သော်လည်း မြန်မာ၏စာဖြင့် ရေးသားလျှောက်လဲချက်များတွင် ပြည့်စုံစွာဖြေကြားပြီးဖြစ်ကြောင်း၊ သက်သေအထောက်အထားများမှန်ကန်မှု ရှိ၊ မရှိကို FFM ကဆုံးဖြတ်ရမည်မဟုတ်ဘဲ တရားသူကြီးများက ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ FFM ကလည်း ဖြစ်နိုင်ခြေရှိသည်ဟုသာ သုံးသပ်ထားကြောင်း၊ Newton ကလည်း ၎င်း၏ကျွမ်းကျင်မှုဖြင့် လျှောက်တင်ထားသည့်သုံးသပ်ချက်မှာလည်း FFM အစီရင်ခံစာအပေါ်တွင်သာ သုံးသပ်ထားခြင်းဖြစ်ကြောင်း။

၂၆-၁-၂၀၂၆ ရက်တွင် ဂမ်ဘီယာရှေ့နေများက မြန်မာရှေ့နေများသည်မြန်မာနိုင်ငံအတွက် မဟုတ်မမှန်ကာကွယ်ပြောဆိုသည်ဟု စွပ်စွဲကြောင်း၊ မိမိတို့ရှေ့နေများအနေဖြင့် ရှေ့နေများ၏ကျင့်ဝတ်များကို စောင့်ထိန်းသကဲ့သို့ မြန်မာနိုင်ငံသည်လည်း အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်ပြီး ကုလသမဂ္ဂ၊ လူမျိုးသုဉ်းစေမှုစာချုပ်တို့၏ အဖွဲ့ဝင်နိုင်ငံဖြစ်ကြောင်း၊ စာချုပ်ပါအချက်အလက်များကို အပြည့်အဝလိုက်နာသည့် တာဝန်သိနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ သို့ဖြစ်ရာ ဂမ်ဘီယာ၏ပြောကြားမှုကို ကန့်ကွက်ပါကြောင်း လျှောက်လဲသည်။

ဆက်လက်၍ Mr. Christopher Staker က အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးတွင် လူမျိုးသုဉ်းကျူးလွန်မှုဖြစ်နိုင်သည်မှာမှန်သော်လည်း လက်တွေ့တွင်ဖြစ်ပွားခဲ့ခြင်းမရှိကြောင်းကို အပြည်ပြည်ဆိုင်ရာစုံစမ်းစစ်ဆေးရေးကော်မရှင်(ICOE) တွင်လည်း ဖော်ပြထားပြီးဖြစ်ကြောင်း၊ ဂမ်ဘီယာက ဖြစ်စဉ်အသေးစိတ်ကိုလေ့လာခြင်းမရှိဘဲ ရွာသုံးရွာကိုသာရည်ညွှန်းပြီး လူမျိုးသုဉ်းစေမှုသည် ကိန်းဂဏန်းနှင့်မဆိုင်ဘဲ ရည်ရွယ်ချက်သာ အဓိကကျသည်ဟု ပြောနေကြောင်း၊ မြန်မာနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စွန့်ခွာသွားသူများကို တိုက်ခိုက်မှုမပြုလုပ်သကဲ့သို့ တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာရသူများနေထိုင်သည့်စခန်း (IDP)တွင် နေထိုင်သူများကို ကာကွယ်စောင့်ရှောက်ထားပါကြောင်း၊ ဂမ်ဘီယာက အုပ်စုတစ်စု၏အစုအဖွဲ့ကို သတ်ဖြတ်သည်ဟုစွပ်စွဲကြောင်း၊ သို့သော် ရခိုင်ပြည်နယ်တွင် ဘင်္ဂါလီအများအပြားနေထိုင်လျက်ရှိကြောင်း လျှောက်လဲသည်။




ထို့နောက် မြန်မာနိုင်ငံ၏ရှေ့နေ Mr. David Hooper က တရားရုံးတွင်ထွက်ဆိုခဲ့သည့်သက်သေများနှင့် ပတ်သက်၍ဂမ်ဘီယာ၏ပထမသက်သေ MN (အမည်လွှဲ) ၏ဖြေကြားချက်များသည် လိမ်ညာမှုများဖြစ်နေကြောင်း၊ ဂမ်ဘီယာ၏ အခြားသက်သေထွက်ဆိုချက်များတွင်ပါဝင်သည့် ARSA ၏ ရွာတွင်းလှုပ်ရှားမှုများကို သိရှိခြင်းမရှိဟုဆိုကြောင်း၊ ရွာအတွင်း ARSA များလှုပ်ရှားနေမှုကြောင့်သာ တပ်မတော်ကဝင်ရောက်တိုက်ခိုက်ခဲ့သည်ကို မည်သည့်အတွက်ကြောင့်တိုက်ခိုက်သည်ကိုမသိရှိဟုဆိုကြောင်း၊ သို့သော် ၎င်း၏ဇနီးနှင့်ကလေးများအပါအဝင် အမျိုးသမီးနှင့်ကလေး ၁၀၀ ခန့်ကို မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များက နေအိမ်တစ်လုံး၌ ထိန်းသိမ်းခဲ့သော်လည်း နောက်ပိုင်းတွင် ဘေးမသီရန်မခဘဲလွတ်မြောက်ခဲ့ကြောင်း၊ ၎င်းတို့မိသားစုအနေဖြင့် ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည်စခန်းကိုထွက်ခွာခဲ့စဉ်ကလည်း လမ်းတွင်အနှောင့်အယှက်မရှိခဲ့ဟု ထွက်ဆိုခဲ့သည်ကို သိရှိစေလိုပါကြောင်း၊ ၎င်း၏ ညီအစ်ကိုဝမ်းကွဲတော်စပ်သူသည် ယခုအချိန်အထိ ရခိုင်ပြည်နယ်တွင်ရှိပြီး အစိုးရဝန်ထမ်းဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း။

ဒုတိယသက်သေ NJ (အမည်လွှဲ) ကလည်း အိမ်တွင်း၌သာနေထိုင်သူဖြစ်ပြီး ARSA ကို မသိရှိကြောင်း လျှောက်လဲထွက်ဆိုခဲ့ပါကြောင်း၊ သို့သော် Legal Action Worldwide (LAW) တွင် ထွက်ဆိုခဲ့သည့် ထွက်ချက်နှင့် ယခုတရားရုံးသို့တင်ပြသည့်ထွက်ချက်များ ကွဲပြားနေသည်ကိုတွေ့ရကြောင်း၊ အကယ်၍ တရားရုံးတွင်ထွက်ဆိုမှုများမှာ မှန်ကန်သည်ဟုယူဆသည့်တိုင် LAW တွင်ဖော်ပြသည့်ထွက်ဆိုချက်များမှာ မှားယွင်းသည်ဟု ကောက်ချက်ချရမည်ဖြစ်ကြောင်း။

တတိယသက်သေ MS (အမည်လွှဲ)ကလည်း ARSA အကြောင်းသိရှိသော်လည်း ဖုံးကွယ်ထွက်ဆိုခဲ့ပါကြောင်း၊ ၎င်း၏ထွက်ဆိုချက်များမှာယုံကြည်နိုင်စရာမရှိပါကြောင်း၊ ၎င်းသည် ရွာနှင့်တစ်မိုင်ခန့်ဝေးသည့် ချောင်းကိုဖြတ်ကျော်ထွက်ပြေးခဲ့ပြီးနောက် ရွာတွင်း၌ ဖြစ်စဉ်များကိုမြင်တွေ့ရကြောင်း ထွက်ဆိုမှုမှာ လုပ်ကြံထွက်ဆိုမှုများဖြစ်ကြောင်း၊ ၎င်း၏ ယခင် LAW ၌ ထွက်ဆိုခဲ့သောထွက်ချက်တွင် ချောင်းဖြတ်ပြီးနောက် ကြောက်ရွံ့တုန်လှုပ်မှုကြောင့် ဖြစ်စဉ်များကိုမသိကြောင်း ဆိုသော်လည်း ယခုထွက်ဆိုချက်တွင် ဖြစ်စဉ်များကို ပြောပြနိုင်သဖြင့် ၎င်း၏မှတ်မိနိုင်စွမ်းမှာမေးခွန်းထုတ်ဖွယ်ဖြစ်ကြောင်း၊ ထို့ပြင် သက်သေသုံးဦးလုံးက ဘင်္ဂလားဒေ့ရှ်ရှိဒုက္ခသည်စခန်းများတွင် မြန်မာနိုင်ငံကို သတင်းပေးနေသူများရှိသဖြင့် ၎င်းတို့၏အမည်များကို လျှို့ဝှက်ထားပေးရန်တောင်းဆိုမှုများမှာ တူညီနေကြောင်း၊ အမှန်စင်စစ်တွင် ၎င်းတို့အနေဖြင့် ARSA ၏ လွှမ်းမိုးမှုကြောင့် ARSA အကြောင်း ထုတ်ဖော်ပြောဆိုရဲခြင်းမရှိကြောင်းလျှောက်လဲသည်။

ဆက်လက်ပြီး Mr. David Hooper က မြန်မာဘက်မှတင်သွင်းသည့်သက်သေ M1 (အမည်လွှဲ)၏ ထွက်ဆိုချက်နှင့်ပတ်သက်၍ M1 ၏ ထွက်ချက်တွင် ARSA ၏ ရက်စက်ကြမ်းကြုတ်မှု၊ လိမ်ညာထွက်ဆိုရန် ခြောက်လှန့်ပြီး မြန်မာနိုင်ငံကို အပြစ်ပုံချခိုင်းမှု၊ ရခိုင်ရွာများနှင့်ရဲစခန်းများကို တိုက်ခိုက်ရန် အကြံအစည်ရှိမှုတို့ပေါ်လွင်ကြောင်း၊ ၎င်းတို့ကို ဖမ်းဆီးခေါ်ဆောင်သူများ၊ အမျိုးသားများကို သတ်ဖြတ်သူများမှာ တစ်ရွာတည်းအတူနေ ဘင်္ဂါလီရွာသားဖြစ်ကြောင်း အချက်အလက်များကို လေ့လာကြည့်ပါက ရွာများတွင် ARSA ဩဇာခံအများအပြားရှိသည်ကို တွေ့ရှိရကြောင်း၊ ခမောင်းဆိပ် ဖြစ်စဉ်၌ ဟိန္ဒူနှင့် တိုင်းရင်းသား ၁၀၅ ဦး သတ်ဖြတ်ခံရမှုကို သက်သေအထောက်အထားအချက်အလက်ခိုင်မာစွာဖြင့် ထွက်ဆိုခဲ့ပါကြောင်း။

ဂမ်ဘီယာကတင်သွင်းသည့် သက်သေသုံးဦးသည် ယခင်စာဖြင့် တင်သွင်းခဲ့စဉ်က ထွက်ဆိုချက်များ FFM၊ IIMM ၌ ဖော်ပြချက်များနှင့် ကိုက်ညီမှုမရှိကြောင်း၊ မြန်မာရှေ့နေများက ထောက်ပြပြောဆိုနိုင်ခြင်း၊ အထူးသဖြင့် ARSA အကြမ်းဖက်၏တိုက်ခိုက်မှုများနှင့် ARSA ၏ အရေးပါသည့်အခန်းကဏ္ဍများကို ဖုံးကွယ်ထွက်ဆိုမှုများ၊ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံက တရားဥပဒေနှင့်အညီ အကြမ်းဖက်နှိမ်နင်းရေးဆောင်ရွက်မှုကို လူမျိုးသုဉ်းသတ်ဖြတ်မှုအဖြစ် ပုံဖော်ထွက်ဆိုမှုများအပေါ် ထောက်ပြပြောဆိုခဲ့ကြောင်း၊ ဂမ်ဘီယာ၏ကျွမ်းကျင်သက်သေ Newton ၏ ထွက်ဆိုချက်နှင့်ပတ်သက်၍ ၎င်းအားတရားရုံးသို့ တင်သွင်းသည့်သုံးသပ်ချက်များသည် လုပ်ငန်းလမ်းညွှန်ချက်မရှိသည်ကိုတွေ့ရကြောင်း။

၎င်းက လက်နက်ကိုင်သောင်းကျန်းမှုတုံ့ပြန်သည့်စစ်ဆင်ရေး(COIN) ဆိုင်ရာ ပညာရှင်ဟုဆိုသော်လည်း ၎င်း၏တတ်ကျွမ်းမှုဘောင်ကိုကျော်၍ လူမျိုးသုဉ်းစေမှုဆိုင်ရာ ပညာရှင်ကဲ့သို့ထွက်ဆိုထားကြောင်း၊ ၎င်း၏ပထမအစီရင်ခံစာတွင် ARSA အကြောင်းကို ဖော်ပြခြင်းမရှိကြောင်း၊ ဒုတိယအစီရင်ခံစာတွင်မှသာ ARSA သည် အင်အားရှိသည့် တိုက်ခိုက်ရေးအဖွဲ့ဖြစ်သည်ဟုဆိုကြောင်း၊ ၎င်းအနေဖြင့် ယခုအမှုတွင် ဂမ်ဘီယာအတွက်ပံ့ပိုးနေသည့်အဖွဲ့အစည်းများနှင့်လည်း ပတ်သက်ဆက်နွှယ်မှုရှိနေကြောင်းကို ဝန်ခံထားကြောင်းလျှောက်လဲသည်။

ထို့နောက် မြန်မာနိုင်ငံ၏ရှေ့နေ Ms. Leigh Lawrie က ARSA အကြောင်းနှင့် ARSA အကြမ်းဖက်မှုကြောင့် အပြစ်မဲ့ပြည်သူများကို ကယ်တင်ခဲ့ရသည့်ဖြစ်စဉ်နှင့် ပတ်သက်၍ တရားသူကြီး Brent က မေးမြန်းသည့် ARSA ၏ဖွဲ့စည်းပုံ၊ အင်အား၊ တိုက်ခိုက်မှုစွမ်းရည်တို့ကိုဖြေကြားရမည်ဆိုလျှင် ARSA သည် အရှေ့အလယ်ပိုင်းနိုင်ငံများရှိပုဂ္ဂိုလ်များထံမှ အထောက်အပံ့ရရှိကြောင်း၊ အင်အားတိုးချဲ့၍ အကြမ်းဖက်တိုက်ခိုက်ရေးသင်တန်းများပေးကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ရဲကင်းစခန်းသုံးခုကို တိုက်ခိုက်နိုင်ရာမှ ၂၀၁၇ ခုနှစ်တွင် ရဲကင်းစခန်း ၃၀ ကို တစ်ပြိုင်တည်းတိုက်ခိုက်နိုင်သည်အထိ အင်အားစုဖွဲ့လာနိုင်ကြောင်း၊ လက်လုပ်ဗုံး (IED)များ ထုတ်လုပ်နိုင်ပြီး ကင်းထောက်နိုင်သည့်စွမ်းရည်လည်းရှိကြောင်း။

၎င်းတို့သည်ထောက်ခံသူများကို အားပြု၍တိုက်ခိုက်မှုများ ပြုလုပ်ကြောင်း၊ ARSA အင်အား ၁၇၀၀၀ ကျော်ရှိကြောင်း၊ တရားသူကြီး၏ဒုတိယမေးခွန်းဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် စစ်ဆင်ရေးပြုလုပ်ရာတွင် ARSA ၏ထောက်ခံသူများမှာ ရာနှင့်ချီရှိပြီး အကြမ်းဖက်တိုက်ခိုက်ရာတွင် တုတ်၊ ဓားများကိုင်ဆောင်ကာ လူအရေအတွက်အသာစီးယူ၍ တိုက်ခိုက်ကြောင်း၊ သို့ဖြစ်ရာ ထောက်ခံသူများဟုဆိုသည်မှာ လိုက်လံတိုက်ခိုက်ပေးသူများဖြစ်ကြောင်း၊ တရားသူကြီး၏ တတိယမေးခွန်းဖြစ်သည့် တိုက်ပွဲအတွင်းတိုက်ခိုက်ရေးသမားများနှင့်အရပ်သားကို ခွဲခြားပုံနှင့်ပတ်သက်၍ တပ်မတော်က တိုက်ပွဲများမစတင်မီကပင် တပ်သားများအား တိုက်ပွဲအတွင်းလိုက်နာကျင့်သုံးရမည့် စည်းမျဉ်း (RoE) ကို ညွှန်ကြားခဲ့ပါကြောင်း၊ ထို့အပြင် စည်းမျဉ်းများဖော်ပြထားသည့် အိတ်ဆောင်ကတ်ပြားများကို တပ်သားတိုင်းကိုပေးအပ်ခဲ့ကြောင်း။

ပစ်ခတ်ရာတွင် မိမိအသက်အန္တရာယ်ကျရောက်နိုင်သည့် တိုက်ခိုက်မှုအခြေအနေကျရောက်ချိန်နှင့် လက်နက်ကိုင်ဆောင်ထားသူများကိုသာ ပစ်ခတ်ရန် ညွှန်ကြားထားကြောင်း၊ တရားသူကြီး၏စတုတ္ထမေးခွန်းဖြစ်သည့် တိုက်ပွဲများအတွင်း ARSA မည်မျှသေဆုံးသည်၊ အရပ်သားမည်မျှသေဆုံးခဲ့သည်နှင့်ပတ်သက်၍ ၂၀၁၆ ခုနှစ် ဖြစ်စဉ်တွင် ARSA ၆၉ ဦးသေဆုံးပြီး ၂၀၁၇ ဖြစ်စဉ်တွင် ARSA ၃၇၆ ဦး သေဆုံးခဲ့ပါကြောင်း၊ သို့သော် ICOE အစီရင်ခံစာအရ အရပ်သားများလည်း သေဆုံးကြောင်းဖော်ပြထားပြီး ယင်းအတွက် စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်ရန် တိုက်တွန်းထားကြောင်း၊ တရားသူကြီး Pillay ၏ မေးခွန်းဖြစ်သည့် တပ်မတော်အနေဖြင့် အရပ်သားများကို ကယ်တင်မှုနှင့်ပတ်သက်၍ ARSA က လိုက်လံသတ်ဖြတ်သည့် ရခိုင်၊ မြို၊ ဒိုင်းနက်၊ ဟိန္ဒူများကို ကယ်တင်ပေးခဲ့ကြောင်း၊ ARSA က သတင်းပေးဟုစွပ်စွဲသည့် ဘင်္ဂါလီများကိုလည်း ကယ်တင်ကြောင်း၊ ရခိုင်နှင့်ဘင်္ဂါလီများ ပဋိပက္ခမဖြစ်စေရန် ကာကွယ်ပေးကြောင်းလျှောက်လဲသည်။

ယနေ့ နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံ၏ ဒုတိယအကျေ့ာလျှောက်လဲချက်များ ဆက်လက်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

မြဝတီ

**၁ ရှေ့ဖုံးမှအဆက်**

တက်ရောက်ရမည့်လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းများကို အတည်ပြုပြီးချိန်တွင် ဖိတ်ကြားရေးဆိုင်ရာကိစ္စရပ်များကို အချိန်မီ ဆောင်ရွက်နိုင်ရေး၊ လွှတ်တော်ကိုယ်စားလှယ်များ အဆင်ပြေချောမွေ့စွာတည်းခိုနေထိုင်နိုင်ရန် ရိပ်သာများပြင်ဆင်ဆောင်ရွက်ထားရှိရေး၊ သောက်သုံးရေနှင့်လျှပ်စစ်မီးများ အဆင်ပြေစွာအသုံးပြုနိုင်ရန် ဆောင်ရွက်ထားရှိရေး၊ လွှတ်တော်အစည်းအဝေးများ ကျင်းပစဉ်နှင့် ရပ်နားစဉ်ကာလတို့တွင် လွှတ်တော်ဝင်းအတွင်း/အပြင်နှင့်လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်သည့်နေရာများတွင် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ထားရှိရေး၊ လွှတ်တော်ကိုယ်စားလှယ်များအတွက် စားသောက်ရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ သွားလာရေး အဆင်ပြေစေရေးအတွက် သယ်ယူပို့ဆောင်ရေးကိစ္စရပ်များကိုလည်း စနစ်တကျဆောင်ရွက်ထားရှိရေး၊ လွှတ်တော်အသီးသီးရှိ တယ်လီဖုန်းဆက်သွယ်မှုစနစ်များ၊ e-Voting စနစ်နှင့် Delegate Unit များ၊ LED board များ ကောင်းမွန်စွာအသုံးပြုနိုင်ရေးတို့အတွက်လည်း စမ်းသပ်လေ့ကျင့်မှုများ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။




နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်အဖွဲ့ဝင်များ လွှတ်တော်ဝင်းအတွင်းရှိ ပြည်ထောင်စုလွှတ်တော်တွင် လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ လျှောင်ဒဏ်ကြောင့် လွှတ်တော်ပရဝဏ်အတွင်း ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အဦများ၊ လမ်း၊ တံတားများ အဆင့်မြှင့်ပြန်လည်ပြင်ဆင်ထားရှိမှု စနစ်တကျရှိစေရေး၊ လွှတ်တော်အသီးသီး၏ လွှတ်တော်အစည်းအဝေးကျင်းပမှု သတင်းမှတ်တမ်းများ ရိုက်ကူးထုတ်လွှင့်ခြင်းနှင့် ရုပ်/သံစက်ပစ္စည်းများ ကောင်းမွန်စေရေး၊ ပြည်တွင်း/ပြည်ပသတင်းမီဒီယာများ၏ သတင်းရယူရေးကိစ္စရပ်တို့တွင်လည်း စနစ်တကျနှင့် အဆင်ပြေချောမွေ့စေရေးတို့ကို ကော်မတီအလိုက် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်သည့်အတွက် ယခုအစည်းအဝေးတွင် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က တတိယအကြိမ် လွှတ်တော်အသီးသီး၏ လွှတ်တော်အစည်းအဝေးများ စနစ်တကျဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စီမံဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီများအလိုက် တာဝန်ရှိသူများက လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လက်ရှိဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားရမည့်လုပ်ငန်းအစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အစည်းအဝေးကိုရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လွှတ်တော်ဝင်းအတွင်းရှိ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များသို့ သွားရောက်၍ လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များအား တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြန်မာနေရှင်နယ်လိဂ်(၂) ၂၀၂၅-၂၀၂၆ အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ချင်းလန်းအသင်း ချန်ပီယံဆုဆွတ်ခူး



ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီကကြီးမှူးကျင်းပသည့် မြန်မာနေရှင်နယ်လိဂ်(၂)၂၀၂၅-၂၀၂၆ အမှတ်ပေးဘောလုံးပြိုင်ပွဲ ရာသီပိတ်ပွဲစဉ် ၁၄ ၏နောက်ဆုံးပွဲစဉ်ကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ချင်းလန်းအသင်းနှင့် ယူနီဗာစီတီအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြပြီး ချင်းလန်းအသင်းက ၂ ဂိုး ၁ ဂိုးဖြင့်အနိုင်ယူ၍ ချန်ပီယံဆုကို ဆွတ်ခူးရရှိသွားသည်။

ရမှတ်(၂၃)မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၄)မှ ယူနီဗာစီတီအသင်းနှင့် ရမှတ်(၂၉)မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၁)မှချင်းလန်းအသင်းတို့၏ ယနေ့ပြိုင်ပွဲတွင် နောက်ဆုံးရာသီပိတ်ပွဲစဉ်ဖြစ်သည့် အားလျော်စွာ နှစ်ဖက်ကစားသမားများ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြ၍ ပရိသတ်အကြိုက်တွေ့သည့် ပွဲကောင်းတစ်ပွဲလည်း ဖြစ်ခဲ့သည်။

ပထမပိုင်း ပွဲကစားချိန် ၁၈ မိနစ်၊ ၂၆ မိနစ်တို့တွင် ချင်းလန်းအသင်းအတွက် သေချာလောက်သည့်ဂိုးသွင်းခွင့်များရခဲ့သော်လည်း ယူနီဗာစီတီအသင်းနောက်တန်းနှင့်ဂိုးသမားတို့၏ အကောင်းဆုံးကာကွယ်နိုင်မှုကြောင့် ချင်းလန်းအသင်း ဦးဆောင်ဂိုးကံခေခဲ့ရသည်။ ပြိုင်ဘက်ကိုတိုက်စစ်ဆင်ကစားရင်း လူကျွံထောင်ချောက်ကနေကျော်ထွက်ပြီး အောင်မြင့်မြတ်က ယူနီဗာစီတီအသင်းအတွက် ဦးဆောင်ဂိုးကိုသွင်းယူခဲ့သည်။

ပွဲကစားချိန်မိနစ် ၆၀ တွင် ယူနီဗာစီတီဂိုးဧရိယာအတွင်း နောက်တန်းကစားသမားများ ဟန့်တားဖျက်ထုတ်ရင်းလက်ထိသွား၍ ပယ်နယ်တီခွင့်ပြုပေးလိုက်ရသည်။ ရရှိသည့်ပယ်နယ်တီကို လှဖုန်းဦးက ကန်သွင်းပြီး ချင်းလန်းအသင်းအတွက် ချေပဂိုးကိုသွင်းယူပေးခဲ့သည်။ သရေတစ်မှတ်ရရှိရုံဖြင့် ချန်ပီယံဖြစ်မည်ဆိုသော်လည်း ချင်းလန်းအသင်းတိုက်စစ်အားမလျော့ဘဲ ပြိုင်ဘက်ကိုအကောင်းဆုံးဖိအားပေးကစားနိုင်ခဲ့၍ ပွဲကစားချိန် ၈၇ မိနစ်တွင် လှဖုန်းဦးကပင် ဒုတိယမြောက်ဂိုး ထပ်မံသွင်းယူပေးခဲ့ရာ ချင်းလန်းအသင်းက ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရခဲ့ပြီး ချန်ပီယံဆုကိုဆွတ်ခူးရရှိသွားသည်။ ချင်းလန်းအသင်းသည် နှစ်ကြိမ်ဆက်ချန်ပီယံဖြစ်ခဲ့သည်။

ရာသီပိတ်နောက်ဆုံးပွဲစဉ်တစ်ပွဲဖြစ်သည့် ရမှတ်(၂၅) မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၃)မှ ရန်ကုန်စီးတီးအသင်းနှင့် ရမှတ်(၂၉)မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၂)မှ မြဝတီအသင်းတို့ တက္ကသိုလ်ကွင်း၌ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီဖြင့်သရေကျခဲ့၍ မြဝတီအသင်းက ဒုတိယဆုနှင့် ရန်ကုန်စီးတီးအသင်းက တတိယဆုများရရှိခဲ့ကြသည်။

ပြိုင်ပွဲများအပြီး ဆုချီးမြှင့်ပွဲကိုဆက်လက်ကျင်းပရာ ဂိုးသွင်းအများဆုံးဆုရသူ လှဖုန်းဦးအားလည်းကောင်း၊ တတိယဆုရ ရန်ကုန်စီးတီးအသင်း တစ်ဦးချင်းဆုနှင့် ဆုကြေးငွေအားလည်းကောင်း၊ ဒုတိယဆုရ မြဝတီအသင်း တစ်ဦးချင်းဆုနှင့် ဆုကြေးငွေအားလည်းကောင်း၊ ပထမဆုရ ချင်းလန်းအသင်း တစ်ဦးချင်းဆုနှင့် ဆုကြေးငွေအားလည်းကောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အာရှဘောလုံးအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပြီး ချန်ပီယံဆုကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဝန်းရံခ

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် (နေပြည်တော်) အောင်မြင်စွာကျင်းပနိုင်ရေး သတင်း၊ ပြန်ကြားရေးနှင့် ဖျော်ဖြေရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၉

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် (နေပြည်တော်) အောင်မြင်စွာကျင်းပနိုင်ရေး သတင်း၊ ပြန်ကြားရေးနှင့် ဖျော်ဖြေရေးလုပ်ငန်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်း၌ ကျင်းပသည်။

အစည်းအဝေးသို့ သတင်း၊ ပြန်ကြားရေးနှင့် ဖျော်ဖြေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ လုပ်ငန်းကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီအတွက် သတ်မှတ်ပေးအပ်ထားသောလုပ်ငန်းတာဝန်များ ကဏ္ဍအလိုက်အောင်မြင်စွာဆောင်ရွက်နိုင်ရေး၊ ဖျော်ဖြေရေးလုပ်ငန်းများအတွက် သတ်မှတ်နေရာ၌ စင်မြင့်ဆောက်လုပ်မှုနှင့် ဖျော်ဖြေမှုများစနစ်တကျဖြစ်စေရေး၊ ပွဲတော်နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ပြည်သူများသိရှိနိုင်ရန် Billboard များ စိုက်ထူသွားရေး၊ ပြည်သူများကြိုတင်သိရှိနိုင်ရန် ရုပ်မြင်သံကြား၊ သတင်းစာနှင့် အွန်လိုင်းများတွင် စတင်ဖော်ပြနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။




ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် (နေပြည်တော်)ကို ဖေဖော်ဝါရီလ ၈ ရက်မှ ၁၂ ရက်အထိ နေပြည်တော် ပြည်သူ့ရင်ပြင်၌ ကျင်းပသွားမည်ဖြစ်ရာ ပြခန်းခင်းကျင်းပြသမှုများအပြင် ဖျော်ဖြေတင်ဆက်မှုများနှင့် ပျော်ပွဲရွှင်ပွဲများလည်းပါဝင်မည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# မြိတ်မြို့နှင့် မြစ်ကြီးနားမြို့တို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၉

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ အောင်မင်္ဂလာ ပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များကို အဆိုပါကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် သံဃာတော်များအား နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကိုကြည့်ရှုစဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၇၆ ပါးအား အရိုးအကြောရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။ ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ အဆိုပါကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခဲ့သည်။



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုဖူးမြော်စဉ်။

အလားတူ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား အဆိုပါမြို့ရှိ အောင်မြေစံကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၀ ပါးအား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်းနှင့် ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ (၁၇)ကြိမ်မြောက် စုပေါင်းထမနဲထိုးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၉

မြန်မာတို့၏ (၁၂)လရာသီပွဲတော်များအနက် ကောက်ပဲသီးနှံ၊ ဆန်၊ စပါးတို့ထွက်ရှိပြီး ဖူလုံစေသည့်လဖြစ်သော တပို့တွဲလတွင် အဖွဲ့လိုက် စုပေါင်းဆောင်ရွက်ရသည့် စည်းလုံးညီညွတ်မှုစွမ်းအားကို ဖြစ်စေသော မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများကို နိုင်ငံအဝန်းတွင်ဒေသအလိုက်စည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိကြသည်။

ထိုသို့ ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ (၁၇)ကြိမ်မြောက် စုပေါင်းထမနဲထိုးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်၊ ဇေယျာသီရိကွင်းပြင်၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များက ထမနဲထိုးပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများတွင်ဆုရရှိကြသည့် အသင်းများအား ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါထမနဲထိုးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၂၄ သင်းပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ (၁၇)ကြိမ်မြောက် စုပေါင်းထမနဲထိုးပြိုင်ပွဲကျင်းပစဉ်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၄˚c | / | ၃၃˚c |
| ရန်ကုန် | ၁၉˚c | / | ၃၃˚c |
| မန္တလေး | ၁၄˚c | / | ၃၃˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၉

မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီအစည်းအဝေး ၁/၂၀၂၆ ကို ယနေ့မွန်းလွဲပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ - ၁ ၌ ကျင်းပသည်။

ဦးစွာ မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီသည် မူပိုင်ခွင့်လျှောက်ထားချက်များနှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း စသည့် ဆုံးဖြတ်ချက်အပေါ် မကျေနပ်၍ အယူခံဝင်မှုများကို အဓိကအဆုံးအဖြတ်ပြုသည့် မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီနှင့် မူပိုင်ခွင့်ဦးစီးဌာနတို့အကြား ညှိနှိုင်းပေါင်းစပ်ပေးသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်အတွင်း မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီအစည်းအဝေးများ ငါးကြိမ်ကျင်းပနိုင်ခဲ့ပြီး ဆုံးဖြတ်ချက် ၃၉ ခုကိုချမှတ်နိုင်ခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအထိ အမှတ်တံဆိပ်မူပိုင်ခွင့် လျှောက်ထားချက်ပေါင်း ၆၇၃၆၉ ခုရှိပြီး မှတ်ပုံတင်လက်မှတ်ပေါင်း ၁၂၁၇၈ ခုကို ထုတ်ပေးနိုင်ခဲ့ကြောင်း၊ ကန့်ကွက်ချက်များအပေါ် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေ ပုဒ်မ ၂၈ ပုဒ်မခွဲ(ခ)အရ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို မျှားမကြာမီအချိန်အတွင်း အဆုံးအဖြတ်ပြုရမည်ဖြစ်သည့်အတွက် အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေပါ ကန့်ကွက်ခြင်းဆိုင်ရာဆောင်ရွက်မည့်နည်းလမ်းများနှင့်အညီ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၆ ရက်မှစတင်၍ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်း-CMO များဖွဲ့စည်းဆောင်ရွက်၍ လျှောက်ထားနိုင်ကြောင်းကို မူပိုင်ခွင့်ဦးစီးဌာန၏ Website နှင့် မြန်မာ့အလင်းသတင်းစာတို့တွင် ကြေညာခဲ့ပြီး CMO လျှောက်ထားခြင်းများကို စိစစ်ဆောင်ရွက်နိုင်ရန် လုပ်ငန်းအဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီလိုဂိုအတွက် ယှဉ်ပြိုင်သူများထံမှ ပေးပို့လာသော လိုဂိုဒီဇိုင်းများအနက် ဆုရလက်ရာရှင်ကို မကြာမီရွေးချယ်သွားမည်ဖြစ်ကြောင်းနှင့် အဖွဲ့ဝင်များအနေဖြင့် အစည်းအဝေးသို့တင်ပြထားသည့် အမှာစာများအပေါ်တွင် ဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။



ထို့နောက် မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီအတွင်းရေးမှူးက အေဂျင်စီသို့တင်ပြသည့် အမှာစာများကို ဖတ်ကြားတင်ပြပြီး တက်ရောက်လာသည့် အေဂျင်စီအဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးကြသည်။

ယင်းနောက် အေဂျင်စီအဖွဲ့ဝင်များ၊ မူပိုင်ခွင့်ပညာရှင်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **မြဝတီ**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Myanmar begins second round of oral arguments at ICJ




NAY PYI TAW January 29

Oral hearings in the case between The Gambia and Myanmar are being held at the International Court of Justice in The Hague, the Netherlands, from 12 to 29 January, with Myanmar's second round of submissions having begun at 3 pm local time on 28 January.

Myanmar’s legal team responded to questions from the judges and argued that the evidence presented by The Gambia lacks sufficient credibility.

Myanmar's lawyer, Mr Christopher Staker, delivered the opening statement of Myanmar’s second round of oral arguments. He stated that Myanmar continues to maintain the same position presented during its first round of arguments. The Gambia did not submit any new evidence, and continues to rely solely on materials from the Fact-Finding Mission (FFM) and the expert witness Newton. Due to time constraints, Myanmar would not respond to every allegation made by The Gambia, as these had already been fully addressed in Myanmar’s written pleadings. He emphasized that it is not for the FFM to determine the credibility of evidence, but rather for the judges to decide, and that the FFM itself had only assessed matters in terms of possibility. He further stated that Newton’s expert analysis was also based solely on the FFM report.

On 26-1-2026, The Gambia’s lawyers accused Myanmar’s lawyers of making false representations in defence of Myanmar. In response, Myanmar’s lawyers adhere strictly to professional legal ethics, and that Myanmar is a sovereign state and a member of the United Nations and the Genocide Convention, fulfilling its treaty obligations responsibly, and he objected to The Gambia’s allegations.

He also argued that while it may be possible for genocide to occur during counter-terrorism operations, such acts did not occur in reality, and it was also stated in the report of the Independent Commission of Enquiry (ICOE). The Gambia failed to examine events in detail and instead focused only on three villages, arguing that genocide is not a matter of numbers but of intent. Myanmar did not attack those who fled to Bangladesh, and internally displaced persons living in camps due to fighting were protected. While The Gambia alleged the destruction of a group, he pointed out that large numbers of Bengalis continue to live in Rakhine State.

Myanmar’s lawyer, Mr David Hooper, stated that the testimony of The Gambia’s first witness, MN (pseudonym), contained falsehoods. Other witnesses claimed not to be aware of ARSA’s activities within villages, despite acknowledging that Tatmadaw entered villages due to ARSA’s presence. He pointed out that although MN testified that around 100 women and children, including his wife and children, were detained in a house by Myanmar security forces, they were later released unharmed. His family encountered no obstruction when leaving for refugee camps in Bangladesh. MN further stated that his cousin remains in Rakhine State and is employed as a government servant.

The second witness, NJ (pseudonym), testified that he stayed inside his home and had no knowledge of ARSA. However, discrepancies were observed between his testimony before the court and statements he had previously made to Legal Action Worldwide (LAW). Even if his court testimony were accepted as accurate, this would indicate that his statements to LAW were false.

The third witness, MS (pseudonym), was said to have concealed his knowledge of ARSA. His testimony was described as unreliable and fabricated. He claimed to have fled across a creek about one mile from his village and later observed events in the village, which was inconsistent with his previous testimony to LAW, where he stated that he was too frightened to know what happened after crossing the creek. The inconsistency raised serious doubts about his memory. All three witnesses also requested anonymity, claiming that there were informants for Myanmar in the refugee camps in Bangladesh. In reality, their reluctance to speak openly was due to ARSA’s influence and intimidation.

Mr David Hopper continued that the testimony of Myanmar’s witness M1 (pseudonym) described ARSA’s brutality, threats to force false testimony against Myanmar, and plans to attack Rakhine villages and police posts. He stated that those who carried out abductions and killings were Bengalis living in the same village, and that evidence showed widespread ARSA influence within villages. He also highlighted testimony regarding the Khamaungseik incident, in which 105 Hindus and ethnic minorities were killed, supported by strong evidence.

Myanmar’s legal team could firmly state that the testimonies of the three witnesses submitted by The Gambia were inconsistent with their prior written statements and with information presented to the FFM and IIMM. They highlighted concealment of ARSA’s attacks and role, and objected to the portrayal of lawful counter-terrorism operations by a sovereign state as acts of genocide. Regarding The Gambia’s expert witness, Newton, their submissions lacked a clear framework.

Although Newton claimed to be an expert in COIN, he exceeded his expertise by testifying as if he were a genocide expert. His first report made no mention of ARSA, and only in his second report did he describe ARSA as a capable armed group. He also admitted to connections with organizations supporting The Gambia in the present case.

Myanmar’s lawyer, Ms Leigh Lawrie, responded to questions from Judge Brent concerning the rescue of civilians due to the ARSA's violence, stating that regarding the ARSA’s structure, strength, and operational capacity, ARSA received support from individuals in Middle Eastern countries, expanded its forces, and conducted terrorist training. She explained that ARSA’s capabilities grew from attacking three police posts in 2016 to launching simultaneous attacks on 30 police posts in 2017. ARSA was able to manufacture IEDs and conduct reconnaissance operations.

ARSA relied on supporters to carry out attacks and had a strength of more than 17,000 members. In response to the judge’s second question, she explained that ARSA supporters, numbering in the hundreds, often attacked using sticks and knives, relying on numerical superiority. Regarding the distinction between combatants and civilians, she stated that before operations, soldiers were instructed on rules of engagement (RoE), and each soldier was issued a pocket card outlining these rules by the Tatmadaw. Soldiers were instructed to fire only when facing imminent threats to their lives and only at armed individuals.

In response to the fourth question on casualties, she stated that 69 ARSA members were killed in the 2016 incidents and 376 in the 2017 incidents. The ICOE report recorded civilian deaths and recommended continued investigations. Responding to Judge Pillay’s question, she stated that Tatmadaw rescued Rakhine, Mro, Daingnet, and Hindu civilians targeted by ARSA, as well as Bengalis accused by ARSA of being informants, and took measures to prevent conflict between Rakhine and Bengali communities.

The second round of arguments by Myanmar was held at 10 am local time today. 100

# More than 50,000 acres of rainfed paddy harvested in Kangyidaunt Township



KANGYIDAUNT January 29

"This year, local farmers harvested 52,595 acres of rainfed paddy in Kangyidaunt Township of Ayeyawady Region," said Daw Aye Aye Mu, the head of Pathein District Agriculture Department.

It is reported that Kangyidaunt Township was able to cultivate up to 143,960 acres of monsoon paddy during this year's monsoon cropping season. Harvesting of these monsoon paddy fields began in the first week of October, and 52,595 acres have been harvested so far. The harvested paddy is yielding 111.17 baskets per acre.

"The Department of Agriculture carried out advance technical support to ensure monsoon paddy could be cultivated without difficulty. This included field demonstrations on correct cultivation methods, soil improvement activities, and measur-es to control golden apple snail infestation, as well as guidance on proper fertilizer application. This year, more than 143,000 acres were planned and cultivated. When paddy can be planted early, farmers are able to harvest in time before experiencing heavy rains or strong winds," said Daw Aye Aye Mu.

In Kangyidaunt Township, the Department of Agriculture, the Administration Team, the Irrigation and Water Utilization Management Department, the Agricultural Mechanization Department, and other related departments worked together to achieve full monsoon paddy cultivation this year.

**SK**

# Farmers plant more than 1,000 acres of black gram in Kyaukmyaung Sub-Township

KYAUKMYAUNG January 29

More than 1,000 acres of black gram has been planted in Kyaukmyaung Sub-Township of Sagaing Region, according to the statistics of Kyaukmyaung Sub-Township Agriculture Department.

In Kyaukmyaung Sub-Township, authorities planned to cultivate 1,265 acres of black gram during the 2025–2026 winter cropping season. Planting began in October, and as of today, a total of 1,291 acres have been cultivated, exceeding the planned acreage.

"For this winter cropping season, we planned to grow 1,265 acres of black gram in Kyaukmyaung Sub-Township. As of today, 1,291 acres have already been planted. During the black gram cultivation period, we are providing farmers with necessary technical assistance, quality seed varieties, and pest and disease control methods through on-site field support," said Daw Khin Win, Head of the Kyaukmyaung Sub-Township Department of Agriculture.

The Sub-Township Department of Agriculture has been supporting black gram farmers by ensuring access to quality and locally suitable seed varieties, promoting correct cultivation practices, preventing pest infestations, guiding systematic use of fertilizers, and helping improve yields.

During this year's monsoon cropping season, township agriculture departments also worked with farmers growing various pulses to provide quality seeds, agricultural inputs, and post-harvest techniques needed to achieve good yields and improve crop quality.

**SK**

# Farmers plant more than 1,000 acres of bell pepper in Sagaing District

SAGAING January 29

According to Sagaing District Agriculture Department, local farmers have planted more than 1,000 acres of bell pepper as cold season in Sagaing District of Sagaing Region.

During the 2025–2026 winter cropping season, Sagaing District planned to cultivate 2,373 acres of bell pepper. Cultivation began in October last year, and as of today, 656 acres have been planted in Sagaing Township, 340 acres in Myinmu Township, and 645 acres in Myaung Township, totalling 1,641 acres.

"For this winter cropping season, Sagaing District planned to cultivate more than 2,000 acres of bell pepper. As of today, over 1,000 acres have been cultivated. We are working to meet the full target acreage. The condition of the bell pepper crops is good, and we are also supporting farmers to grow bell pepper as a commercial crop," said Daw Myat Moe Win, Head of the Sagaing District Agriculture Department.



For this season, the township-level cultivation plans for bell pepper in Sagaing District are: 1,152 acres in Sagaing Township, 450 acres in Myinmu Township, and 771 acres in Myaung Township, totalling 2,373 acres.

Staff from the district and township Agriculture Departments are providing farmers with technical guidance on good cultivation practices to improve yields and marketability, pest prevention and control methods, and soil nutrient management.

The production cost for bell pepper from the start of planting until harvesting is about Ks-1.5 million per acre for farmers using their own land, and around Ks-2.5 million per acre for those renting land. Bell pepper can be harvested once every 15 days, and harvesting can continue for up to six months. Early harvests yield about 100 viss per acre, and in the following weeks yields range between 400 viss and 500 viss per acre.

**SMK**

# Budalin Township harvests more than 1,000 acres of rainfed paddy this year

BUDALIN January 29

Statistics of Budalin Township Agriculture Department mentioned that local farmers reaped more than 1,000 acres of rainfed paddy in Budalin Township of Sagaing Region this year.

In Budalin Township, a total of 34,571 acres of rainfed paddy were cultivated during this year's monsoon cropping season. Harvesting began in November, and as of today, 1,153 acres have been harvested, with an average yield of 77.91 baskets per acre.

"For this year's monsoon season, 34,571 acres of rainfed paddy were cultivated in Budalin Township. These fields are now being harvested, and as of today, more than 1,000 acres have been completed. During the cultivation period, we provided the necessary technical support and quality seed varieties to ensure that farmers could grow their crops on time," said U Phyo Wai, Head of the Budalin Township Department of Agriculture.

The Township Department of Agriculture and local farmers collaborated closely this season to ensure smooth and systematic cultivation of rainfed paddy without major difficulties.

Farmers in Budalin Township received agricultural guidance on proper cultivation techniques, pest prevention, reducing crop losses, and ensuring timely post-harvest handling, including transferring harvested paddy to sheltered storage.

To ensure good yields from this year's rainfed paddy fields, township agriculture staff have been providing field-level support, including selecting quality seed varieties, preventing pest damage, removing weeds and off-types, and promoting systematic use of fertilizers.

**SMK**

# Gold breaks new record

WASHINGTON January 29

The price of gold has soared to a new record as investors continue to seek safety amid escalating geopolitical tensions and mounting economic uncertainties.

Gold futures continued their strong rally, with the February 2026 Comex contract surging to a record high of US$-5,600 per troy ounce on Thursday morning before retreating to around US$-5,550, according to exchange data.

Silver futures also extended their rally, with the March 2026 Comex contract climbing above about US$-119 per troy ounce before easing back slightly.

The prices of both gold and silver have surged over the past year, as precious metals are commonly viewed as safe-haven assets in times of market turbulence. Gold rose by more than 60 percent in 2025, partly due to concerns over global tensions and economic volatility. Silver followed an even sharper trajectory, climbing 127 percent in 2025 amid strong investor demand and safe-haven buying.

Analysts attribute the recent rally to escalating tensions, including US President Donald Trump's warning to Iran on Wednesday to come to the negotiating table on nuclear weapons, amid Tehran's threat to retaliate against the US, Israel, and their allies.

Gold also drew support from Tether's plans to allocate 10-15 percent of its investment portfolio to physical gold, a move confirmed by CEO Paolo Ardoino on Wednesday.

Meanwhile, the US Federal Reserve kept interest rates unchanged on Wednesday as expected. Fed Chair Jerome Powell noted that December inflation likely remained well above the central bank's 2 percent target.

Marex analyst Edward Meir told Reuters that rising US debt and the uncertainty sparked by indications that the global trade system is fragmenting into regional blocs, rather than remaining US-centric, are driving investors toward gold.




The latest rally has generated windfall gains for Russia that are reportedly comparable to the value of its sovereign assets frozen in the West – around US$-300 billion. Unlike the frozen assets, Russia's gold reserves can be sold or pledged as collateral, restoring significant financial capacity.

**RT**

# Indonesia's Bali airport tightens screening to prevent Nipah virus entry

JAKARTA January 29

Indonesian authorities have stepped up passenger screening at Bali's I Gusti Ngurah Rai International Airport to prevent the possible entry of the Nipah virus, an airport official said on Thursday.

Gede Eka Sandi Asmadi, head of the Communication and Legal Division of PT Angkasa Pura Indonesia at the airport, said stricter monitoring has been implemented for passengers arriving from overseas amid a rise in Nipah virus cases abroad.

He said the airport is closely coordinating with the Class I Denpasar Center for Health Quarantine to conduct comprehensive supervision in arrival areas, including body temperature checks using thermal scanners at international and domestic terminals.

Passengers showing symptoms will be referred by health quarantine officers to a designated hospital in Denpasar for further examination, Gede said, urging travelers to maintain their health and stay informed about the latest developments related to the virus.

I Gusti Ngurah Rai International Airport is one of Indonesia's busiest international gateways, handling more than 24 million passengers in 2025, the majority of whom were international travelers.

**Xinhua**

# Black box recovered, probe on into India's air crash killing top leader



NEW DELHI January 29

The black box of the aircraft which had crashed on Wednesday killing Ajit Pawar, deputy chief minister of India's south-western state Maharashtra, had been recovered, confirmed the Federal Civil Aviation Ministry on Thursday.

In an official statement, the ministry said that the investigation into the air crash had been initiated. Besides Pawar, two pilots, a flight attendant and Pawar's personal security guard were also killed in the air crash.

A team of three officers from the Aircraft Accident Investigation Bureau (AAIB) and another team of three officers from the Directorate General of Civil Aviation had reached the crash site a few hours after the air crash.

**Xinhua**

# Ten US navy ships located in Middle East right now - Reports

WASHINGTON January 29

Ten US Navy ships are currently in the Middle East, media reported on Thursday, citing a defence official.

Among those, one destroyer is located in the Red Sea, two destroyers stand near the Strait of Hormuz, three littoral combat ships are in the Persian Gulf, and a carrier strike group is placed in the north Arabian Sea, the report said.

On Wednesday, US President Donald Trump said that a "massive armada" is heading to Iran quickly and with great power. The president warned that if no agreement is reached, any future US strike on Iran would be "far worse" than previous actions. Trump also previously declared support for protesters in Iran and threatened strikes. Tehran condemned these statements as a threat to Iran's sovereignty.

US Secretary of State Marco Rubio said on Wednesday that the US needs to have enough force in the Middle East to protect its interests amid the situation in Iran.

**Sputnik**

# Mexico to continue to ship oil to Cuba, says Mexican President

MEXICO CITY January 29

Mexican President Claudia Sheinbaum confirmed Wednesday that the government will continue to ship oil to Cuba, despite pressures from the United States.

During a press conference at the National Palace, Sheinbaum stressed that the decision aligns with Mexico's historical foreign policy, and oil shipments are part of the country's sovereign decisions.

According to Sheinbaum, the shipments are carried out through contracts between the state-owned oil company PetroleosMexicanos (Pemex) and a Cuban government institution, as part of Mexico's humanitarian aid for Cuba. Pemex is responsible for determining shipments in keeping with the contracts, she added.

Sheinbaum addressed recent speculation that Mexico was bowing to U.S. pressure to halt oil shipments, which arose after a Bloomberg report suggested a January shipment was suspended.

"I never said anything about whether it had been suspended . That was a later interpretation based on a newspaper article," the president said, denying any official decision in that regard.

While Sheinbaum reaffirmed Mexico's humanitarian commitment to Cuba, she declined to provide details on whether upcoming deliveries would include oil, noting that such decisions would depend on specific agreements between the two nations.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# The essential rules to eat salt safely: Why flakey is better for you, vital nutrient that you need and the best types to choose to keep yourself healthy, revealed by DR EMILY LEEMING

The description is enticing: 'Harvested in the foothills of the Himalayan mountain range… contains over 80 trace minerals to match our bodies' needs.'

It sounds like a new health-boosting berry or even a relaxing tea. In fact, the wording actually comes from an online store selling salt. Pink Himalayan rock salt, to be precise.

Often costing three times more than regular table salt, this type sits at the luxury end of the salt market – which has expanded dramatically in recent years, with everything from flavoured rock salts to smoked sea salt and black lava salt.

Each comes with claims about their unique flavour or health benefits. But can salt ever be good for you?

Himalayan pink salt is marketed as mineral-rich and more 'natural' than conventional table salt. But regardless of colour, crystal size or price, the main ingredient in all these salts is sodium chloride.

We all need some salt: sodium, along with chloride, helps keep fluids balanced in the body and allows our muscles and nerves to work properly.

But too much sodium causes the body to retain water, increasing blood volume and raising blood pressure.

High blood pressure is one of the most common – and most dangerous – health conditions in the UK, largely because many have it without realising. This is why hypertension (i.e. high blood pressure) is frequently described as a 'silent killer'.

Small amounts of sodium are found naturally in vegetables,



fruits, beans, milk, yoghurt, eggs, fish and meat – but it's added salt that is the concern.

Official health guidelines set out a daily limit of 6g of added salt (roughly a teaspoon).

In reality, most of us eat closer to 8-9g daily. This is largely from everyday foods such as bread, cereals and ready meals rather than what we add at the table.

But what about the claims about the beneficial minerals in pink Himalayan salts?

While it does contain minerals such as magnesium, potassium and iron, these are in such small amounts they are actually quite meaningless. A 2020 study published in the journal Foods, which analysed the mineral composition of pink Himalayan salt sold in Australia, suggested you'd need to eat more than 30g of it a day (a huge amount, roughly six teaspoons – five times the limit here) to make any meaningful contribution to nutrient intake.

And despite the claims to be more 'natural', all salt is processed to some degree, whether it's mined, evaporated, washed, dried, ground or flaked.

On the plus side, at least table salt often has iodine added to it – an essential mineral crucial for helping your body produce thyroid hormones.

The UK population as a whole is mildly iodine deficient, ranking seventh among the ten most iodine-deficient countries in the world, according to a 2011 study in The Journal of Nutrition.

Milk has traditionally been a primary source of iodine, largely because of iodine added to cattle feed and iodine-based disinfectants used in dairy farming. Yet our consumption of milk has dramatically fallen – and a survey by the Quadram Institute found there is now more than 20 percent less iodine in milk now than in 1996.

Swapping iodised table salt for fashionable non-iodised salts can unintentionally increase the risk of deficiency – unless you eat plenty of iodine-rich foods, such as dairy, seafood and eggs.

Even a small amount of iodised salt goes a long way. Half to 1tsp of salt is usually enough to provide your daily iodine needs.

However, when it comes to taste there is something to be said about using flaked salt, as the larger surface size gives you a saltier hit, according to a 2015 study in Food Research International – which could be a strategy for using less salt at the table.

But if you crave the flavour of salt and want to cut back, then opt for low-sodium salt. This is made by mixing sodium chloride with another salt: potassium chloride.

The added benefit of potassium is that it's known to help lower blood pressure, as it encourages the body to excrete excess sodium, reducing fluid in the blood, and helps blood vessels relax and widen, easing pressure on their walls.

When people with high blood pressure or who had suffered a stroke replaced regular salt with a low-sodium, potassium-enriched salt, they had a 14 percent lower risk of stroke and 12 per cent lower risk of death from any cause after nearly five years, compared with those using standard salt, the New England Journal of Medicine reported in 2021.

But swapping to a low sodium salt that's higher in potassium isn't suitable for everyone.

People with kidney disease, or those taking medications that raise potassium levels, such as diuretics and ACE inhibitors (often given for hypertension) should check with their GP first.

If you're trying to cut down on salt, be conscious that it's not simply about what you add to a dish yourself.

Around three quarters of the salt we eat in the UK comes from everyday foods such as cheese, sauces and processed meats – and often isn't easily identifiable, such as by tasting salty.

Cooking more from scratch where you can – using herbs, spices, garlic, citrus, vinegars and fermented foods for flavour can all help reduce how much salt you use without making food bland. And the good news is that it doesn't take long (around two weeks) for taste buds to adapt to new flavours.

**Mail Online**

# ပဲခူးမြို့၌ ပဥ္စမအကြိမ်မြောက် ဆေးပဒ္ဓာန်းအောင်ပွဲနှင့် ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းခြင်းအခမ်းအနားကျင်းပ



ပဲခူး ဇန်နဝါရီ ၂၉

ပဥ္စမအကြိမ်မြောက် ဆေးပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ရင်ပြင်တော်ရှိ ရွှေကျောင်းတော် ကျောက်ပန်းတောင်းဓမ္မာရုံ၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ရွှေမော်ဓောစေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ဘဒ္ဒန္တဥေယျဓမ္မာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက သာသနာရေးဆိုင်ရာများလျှောက်ထားပြီး ဩဝါဒါစရိယ ဆရာတော်ကြီးများထံ ဆေးပစ္စည်းအလှူတော်များ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်၌ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များနှင့် သီလရှင်ဆရာကြီး၊ ဆရာလေးများအား ကျပ်သိန်းတစ်ထောင်ကျော်တန်ဖိုးရှိ ဆေးပစ္စည်းများနှင့် လှူဖွယ်ဝတ္ထုများလောင်းလှူပူဇော်ကြကြောင်း သိရသည်။

ဥဿာတိုင်းသား

# ၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ညနေပိုင်းတွင် ၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကျင်းပမည့် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန – ၁ (MICC–1)သို့ သွားရောက်ကြည့်ရှု၍ အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး ကိစ္စများကို ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန–၁ တွင် ဆောင်ရွက်လျက်ရှိသော ၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား မုခ်ဦးတည်ဆောက်မှု၊ ဂုဏ်ပြုခံလျှောက်လမ်း(Red Carpet) တည်ဆောက်မှု၊ မီဒီယာများနှင့် ရုပ်မြင်သံကြားအတွက် နေရာချထားမှု၊ အခမ်းအနားအစီအစဉ်နှင့် စင်မြင့်တည်ဆောက်ပြီးစီးမှုအခြေအနေများ၊ LED နှင့် အလင်းပေးစနစ်၊ အသံစနစ်များ စီစဉ်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အခမ်းအနားသို့ အနုပညာရှင်များအဆင်ပြေစွာတက်ရောက်နိုင်ရေးနှင့် အခမ်းအနားအစီအစဉ်များကို စနစ်တကျ စီစဉ်ကျင်းပနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားကြောင်း သိရသည်။

မြဝတီ

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန သတ္တမအကြိမ် ထမနဲထိုးပြိုင်ပွဲကျင်းပ




နေပြည်တော် ဇန်နဝါရီ ၂၉

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန (သတ္တမအကြိမ်) ဝန်ထမ်းမိသားစု ထမနဲထိုးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည်။

ပြိုင်ပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထမနဲထိုးပြိုင်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများအားကြိုးမာန်တက် ယှဉ်ပြိုင်နေမှုကို လိုက်လံကြည့်ရှုအားပေးကြကာ ပြိုင်ပွဲတွင် အနိုင်ရရှိသောအဖွဲ့များကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲကို မြန်မာ့ဓလေ့ရိုးရာယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်၊ ဝန်ထမ်းများအကြား စည်းလုံးညီညွတ်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတိုးပွားစေရန်၊ ဝန်ထမ်းအချင်းချင်း အပြန်အလှန်ညီညွတ်မျှတစွာဖြင့် ပူးပေါင်းဆောင်ရွက်တတ်စေရန် ရည်ရွယ်ကျင်းပပေးခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ (၂၁) ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပ



နေပြည်တော် ဇန်နဝါရီ ၂၉

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ (၂၁) ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ် (၃) ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲသည် ဌာနများအလိုက် စုပေါင်းညီညာအောင်ကြောင်းဖြာ သရုပ်ကိုဖော်ဆောင်သော ပြိုင်ပွဲတစ်ခုလည်းဖြစ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် ဂုဏ်ယူစွာပါဝင်ဆင်နွှဲကြစေလိုကြောင်း၊ ပြိုင်ပွဲဖြစ်သည့်အတွက် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို လိုက်နာယှဉ်ပြိုင်သွားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများကပြိုင်ပွဲဝင်အသင်းများ၏ သတ်မှတ် ပြိုင်ပွဲစည်းမျဉ်းများနှင့်အညီ ယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြပြီး ဆုရွေးချယ်ရေး ဆပ်ကော်မတီအဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးခြင်းများဆောင်ရွက်ကြကာ ဆုရရှိသည့်အသင်းများကို ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဆုများချီးမြှင့်ကြကြောင်း သိရသည်။

မြဝတီ

# ပညာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစု စုပေါင်းထမနဲထိုးပြိုင်ပွဲကျင်းပ



နေပြည်တော် ဇန်နဝါရီ ၂၉

ပညာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ စုပေါင်းထမနဲထိုးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ဦးစွာ ဦးစီးဌာနအလိုက် ဝန်ထမ်းများက သီချင်းများဖြင့် သီဆိုယှဉ်ပြိုင်ကြသည်။ ထို့နောက် ထမနဲထိုးပြိုင်ပွဲကိုစတင်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးရုံး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနရှစ်ခုနှင့် Naypyitaw State Academy တို့မှ စုစုပေါင်းအသင်း ၁၀ သင်းတို့က မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာအတိုင်း တပျော်တပါးပါဝင်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများက ထမနဲထိုးပြိုင်ပွဲနှင့် သီချင်းဆိုပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိခဲ့ကြသည့် အသင်းများကို ဂုဏ်ပြုဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

## ထိုင်းနိုင်ငံ၌ တပ်မတော် လေ့ကျင့်ရေးလေယာဉ် ပျက်ကျမှုကြောင့် လေသူရဲနှစ်ဦး သေဆုံး

ဘန်ကောက်၊ မတော်တဆမှု

ထိုင်းနိုင်ငံမြောက်ပိုင်း၌ ထိုင်းတပ်မတော်မှလေ့ကျင့်ရေးလေယာဉ်တစ်စင်း ပျက်ကျမှုကြောင့် လေသူရဲနှစ်ဦးသေဆုံးကြောင်း တာဝန်ရှိသူများက ဇန်နဝါရီလ ၂၉ ရက်တွင် အတည်ပြုပြောသည်။ ယင်းလေ့ကျင့်ရေးလေယာဉ်သည် ပုံမှန်ပျံသန်းမှုလေ့ကျင့်ခန်းလုပ်ဆောင်နေစဉ်အတွင်း နည်းပညာဆိုင်ရာချို့ယွင်းမှုတစ်ခုကြောင့် ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု ကနဦးသတင်းများအရသိရသည်။

လေယာဉ်ပျက်ကျသည့်နေရာသို့ ကယ်ဆယ်ရေးအဖွဲ့များ ချက်ချင်းသွားရောက်ခဲ့သော်လည်း လေသူရဲနှစ်ဦးမှာ အခင်းဖြစ်ပွားရာနေရာ၌ပင် သေဆုံးခြင်းဖြစ်သည်။ ပျက်ကျခဲ့သောလေယာဉ်မှာ အမျိုးအစားအဟောင်းဖြစ်ပြီး တပ်မတော်အတွင်း လေသူရဲအသစ်များကို လေ့ကျင့်ရာတွင် အသုံးပြုနေသည့် လေယာဉ်ဖြစ်သည်။

လက်ရှိတွင် ထိုင်းတပ်မတော်အနေဖြင့် လေယာဉ်ပျက်ကျရသည့်အကြောင်းရင်းကို အသေးစိတ်စစ်ဆေးသွားမည်ဖြစ်ပြီး ယင်းလေယာဉ်နှင့် အမျိုးအစားတူလေ့ကျင့်ရေးလေယာဉ်များအားလုံးကိုလည်း စစ်ဆေးမှုများမပြီးမချင်း ရပ်နားထားရန် ညွှန်ကြားထားသည်။ Ref: Xinhua

## အမေရိကန်က အီရန်နိုင်ငံကို ကြိုတင်လက်ဦးမှုယူတိုက်ခိုက်နိုင်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးပြော



ဝါရှင်တန်၊ စစ်ရေး

အမေရိကန်နိုင်ငံအနေဖြင့် အီရန်နိုင်ငံကိုကြိုတင်လက်ဦးမှုယူ တိုက်ခိုက်မှုပြုလုပ်နိုင်သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုက ဇန်နဝါရီလ ၂၈ ရက်တွင်ပြောသည်။

ဒေသအတွင်းရှိ အမေရိကန်တပ်ဖွဲ့ဝင်ထောင်ပေါင်းများစွာနှင့် အဆောက်အအုံများအပေါ် တိုက်ခိုက်မည့် အီရန်နိုင်ငံ၏ အစီအစဉ်များကို ကြိုတင်ကာကွယ်တားဆီးရန် စစ်ရေးအရအသင့်ပြင်ထားသင့်သည်ဟု အထက်လွှတ်တော်နိုင်ငံခြားရေးရာကော်မတီကြားနာပွဲတစ်ခုတွင် ရူဘီယိုက ပြောသည်။

အီရန်သည် လက်ရှိတွင် အရင်ကထက် ပိုမိုအားနည်းနေသော်လည်း တာဝေးပစ်ဒုံးကျည်ထောင်ပေါင်းများစွာကို စုဆောင်းထားကြောင်း ၎င်းကသတိပေးထားသည်။ သို့သော် အုပ်ချုပ်ရေးယန္တရားကိုပြောင်းလဲရန်ကြိုးပမ်းမှုမှာ ဗင်နီဇွဲလားနိုင်ငံထက် ပိုမိုရှုပ်ထွေးနိုင်ကြောင်း မာကိုရူဘီယိုက ဝန်ခံထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အီရန်နိုင်ငံအပေါ် စစ်ရေးအရ ခြိမ်းခြောက်မှုများတိုးမြှင့်လုပ်ဆောင်နေပြီး လေယာဉ်တင်သင်္ဘောအပါအဝင် တိုက်ခိုက်ရေးစစ်ရေယာဉ်အုပ်ကို အရှေ့အလယ်ပိုင်းဒေသသို့ စေလွှတ်ထားပြီးဖြစ်သည်။

အီရန်နိုင်ငံ၌စီးပွားရေးကျပ်တည်းမှုကို အကြောင်းပြု၍ဆန္ဒပြမှုများဖြစ်ပွားနေပြီး ယင်းဆန္ဒပြမှုများအတွင်း လူ ၃၀၀၀ ကျော် သေဆုံးရမှုအပေါ် အမေရိကန်နှင့် အစ္စရေးတို့က လှုံ့ဆော်နေခြင်းဖြစ်ကြောင်း အီရန်အစိုးရကစွပ်စွဲထားသည့်အပြင် အမေရိကန်၏တိုက်ခိုက်မှုများကို ချေမှုန်းသွားမည်ဟု သတိပေးထားသည်။ Ref: RT

## အမေရိကန်နှင့်ဆွေးနွေးမှု၌ ကျော်လွန်ခွင့်မပြုနိုင်သော မျဉ်းနီများရှိကြောင်း ဂရင်းလန်း သတိပေး

နုအက်၊ လုံခြုံရေး

အမေရိကန်ပြည်ထောင်စုနှင့်ပြုလုပ်မည့် ဆွေးနွေးမှုများတွင် အချုပ်အခြာအာဏာနှင့် အကျိုးစီးပွားအတွက် ကျော်လွန်ခွင့်မပြုနိုင်သော မျဉ်းနီများရှိကြောင်း ဂရင်းလန်းအစိုးရက ဇန်နဝါရီလ ၂၉ ရက်တွင် သတိပေးစကားပြောသည်။

အာတိတ်ဒေသ၏ မဟာဗျူဟာမြောက်အရေးပါမှု မြင့်တက်လာခြင်းနှင့်အတူ အမေရိကန်က ဂရင်းလန်းနှင့် စစ်ဘက်၊ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန်ကြိုးပမ်းစဉ် ဂရင်းလန်းအစိုးရက ယခုကဲ့သို့ ထုတ်ဖော်ပြောခြင်းဖြစ်သည်။

ဂရင်းလန်းတာဝန်ရှိသူများ၏ အဆိုအရ ၎င်းတို့အနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိသော်လည်း ဂရင်းလန်း၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ပြည်သူများ၏ အခွင့်အရေးနှင့် ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်များကို ထိခိုက်စေမည့် မည်သည့်သဘောတူညီချက်မျိုးကို မဆို လက်ခံမည်မဟုတ်ကြောင်းပြောထားသည်ဟုသိရသည်။ Ref: Xinhua

## တပ်မတော်ကို အဆင့်မြှင့်တင်ရန် ဆွစ်ဇာလန်နိုင်ငံက အခွန်တိုးမြှင့်ရန်စီစဉ်

ဘန်း၊ စစ်ရေး

ဆွစ်ဇာလန်အစိုးရသည် အမျိုးသားကာကွယ်ရေးနှင့် တပ်မတော်၏စွမ်းဆောင်ရည်ကို အဆင့်မြှင့်တင်နိုင်ရေးအတွက် လိုအပ်သောရန်ပုံငွေရရှိရန် အခွန်တိုးမြှင့်ကောက်ခံမည့်အစီအစဉ်ကို ဇန်နဝါရီလ ၂၉ ရက်တွင်ထုတ်ဖော်ပြောသည်။

ဥရောပဒေသ၏ လုံခြုံရေးအခြေအနေပြောင်းလဲလာမှုနှင့်အတူ ဆွစ်ဇာလန်နိုင်ငံသည် စစ်ဘက်ဆိုင်ရာအခြေခံအဆောက်အအုံများ၊ ခေတ်မီလက်နက်ခဲယမ်းများနှင့် နည်းပညာပိုင်းဆိုင်ရာများကို ပြန်လည်ပြုပြင်ရန်လိုအပ်နေခြင်းဖြစ်သည်။

အစိုးရ၏အဆိုပြုချက်အရ အထူးသဖြင့် တန်ဖိုးမြှင့်အခွန်ကို အနည်းငယ်တိုးမြှင့်ကောက်ခံရန်စဉ်းစားနေပြီး ရရှိလာသည့် အခွန်ငွေများကို တပ်မတော်၏ ရေရှည်စီမံကိန်းများတွင် အသုံးပြုသွားမည်ဖြစ်သည်။ လက်ရှိတွင် ဆွစ်ဇာလန်တပ်မတော်သည် ခေတ်မီစစ်လက်နက်ပစ္စည်းများ ဝယ်ယူရန် ဘဏ္ဍာငွေအခက်အခဲများနှင့် ရင်ဆိုင်နေရသည်။ Ref: RT

## ဥရောပတစ်လွှားရှိ ပန်းသီးများတွင် ပိုးသတ်ဆေးအမျိုးမျိုး ရောနှောသစ်သမ်းနေ




ဘရပ်ဆဲ၊ ကျန်းမာရေး

ဥရောပတစ်လွှားရှိ ဈေးကွက်များတွင် ရောင်းချနေသောပန်းသီးများ၌ ပိုးသတ်ဆေးအမျိုးအစားများစွာရောနှောပြီး ညစ်ညမ်းနေသည်ကို ဇန်နဝါရီလ ၂၉ ရက်ထုတ် သုတေသနအသစ်တစ်ခုတွင် ဖော်ပြထားသည်။

ယင်းလေ့လာမှုကို ဥရောပနိုင်ငံပေါင်းများစွာမှ ပန်းသီးနမူနာများကို ရယူစစ်ဆေးခဲ့ခြင်းဖြစ်ပြီး ရလဒ်များအရ ပန်းသီးအများစုတွင် ပိုးသတ်ဆေးတစ်မျိုးထက်မက ပါဝင်နေသည်ကို တွေ့ရှိခြင်းဖြစ်သည်။

အချို့ပန်းသီးနမူနာများတွင် Pesticide Cocktails ဟု ခေါ်ဆိုနိုင်သည့် ပိုးသတ်ဆေးအမျိုးအစားပေါင်း ၁၀ မျိုးကျော်ရောနှောပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ဤကဲ့သို့ ပိုးသတ်ဆေးများစွာ ရောနှောပါဝင်နေခြင်းသည် လူသားတို့၏ ကျန်းမာရေးနှင့် ဂေဟစနစ်အပေါ် ရေရှည်သက်ရောက်မှုရှိမည်ကို ပညာရှင်များက စိုးရိမ်နေသည်။

သုတေသနအစီရင်ခံစာအရ ဥရောပ၏ စည်းမျဉ်းများဖြင့် ကန့်သတ်ထားသော ပိုးသတ်ဆေးအချို့ကိုလည်းတွေ့ရှိရပြီး စိုက်ပျိုးရေးကဏ္ဍတွင် ဓာတုပစ္စည်းအသုံးပြုမှုကို ပိုမိုတင်းကျပ်စွာထိန်းချုပ်ရန် လိုအပ်နေကြောင်း ထောက်ပြထားသည်။ အထူးသဖြင့် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် ယခုကဲ့သို့ ပိုးသတ်ဆေးဓာတ်ကြွင်းများ ရောနှောပါဝင်နေမှုမှာ ပိုမိုအန္တရာယ်ရှိနိုင်ကြောင်း ပညာရှင်များက သတိပေးထားသည်။ Ref: ST

## အရှေ့တောင်အာရှတွင် ရေကြီးမှုကြောင့် ဆုံးရှုံးမှုပမာဏ ၁၀ ဆအထိ မြင့်တက်လာနိုင်

ဘန်ကောက်၊ သဘာဝဘေး

အရှေ့တောင်အာရှ ဒေသတွင်းရေကြီးမှုများကြောင့် ဖြစ်ပေါ်လာမည့်စီးပွားရေးအရဆုံးရှုံးမှုပမာဏသည် လာမည့်နှစ်များတွင် ၁၀ ဆအထိ မြင့်တက်လာနိုင်သည်ဟု သုတေသနအသစ်တစ်ခုက ဇန်နဝါရီလ ၂၉ ရက်တွင် သတိပေးထားသည်။

ထုတ်ပြန်လိုက်သည့် အစီရင်ခံစာအရ ရာသီဥတုပြောင်းလဲမှု၊ မြို့ပြများကို အလျင်အမြန်တိုးချဲ့လာမှုနှင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုတို့ကြောင့် အရှေ့တောင်အာရှနိုင်ငံများသည် ရေကြီးရေလျှံမှုဒဏ်ကို ပိုမိုပြင်းထန်စွာ ခံစားရနိုင်ဖွယ်ရှိသည်။

အထူးသဖြင့် မြစ်ဝကျွန်းပေါ်ဒေသများ၊ ကမ်းရိုးတန်းမြို့ကြီးများတွင်နေထိုင်သူများသည် ဘေးအန္တရာယ်နှင့် ပိုမိုနီးစပ်နေပြီး အခြေခံအဆောက်အအုံပျက်စီးမှုနှင့် စိုက်ပျိုးရေးကဏ္ဍထိခိုက်မှုများကြောင့် ဆုံးရှုံးမှုတန်ဖိုးမှာ အဆမတန်မြင့်မားလာမည်ဖြစ်ကြောင်း ပညာရှင်များက တွက်ချက်ထားသည်။

ထို့ကြောင့် ဒေသတွင်းအစိုးရများအနေဖြင့် ရေကြီးမှုဒဏ်ခံနိုင်ရည်ရှိသည့် မြို့ပြစီမံကိန်းများကို အကောင်အထည်ဖော်ရန်နှင့် သဘာဝဘေးကာကွယ်ရေး အဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလုပ်ဆောင်ရန် ပညာရှင်များက သုတေသနစာတမ်းတွင် တိုက်တွန်းထားသည်ဟု သိရသည်။

Ref: ST



# 2024 YR4 ဥက္ကာခဲသာ လကိုတိုက်မိခဲ့ရင် အလွန်တန်ဖိုးရှိတဲ့ အချက်အလက်တွေရရှိနိုင်



2024 YR4 လို့ အမည်ပေးထားတဲ့ ဥက္ကာခဲဟာ လကိုတိုက်မိဖို့အခွင့်အလမ်းရှိနေပြီး တကယ်လို့သာတိုက်မိခဲ့ရင် အာကာသသိပ္ပံပညာရှင်တွေအတွက်တော့ သုတေသနပြုစရာ ရတနာသိုက်ကြီးတစ်ခုရလိုက်သလိုဖြစ်သွားမယ်လို့သိရပါတယ်။

အာကာသကျွမ်းကျင်သူတွေရဲ့ ပြောဆိုချက်အရ ဥက္ကာခဲဟာ လရဲ့မျက်နှာပြင်ပေါ် အရှိန်အဟုန်နဲ့ကျသွားတဲ့အခါ လရဲ့မျက်နှာပြင်အောက်မှာ ဘာတွေရှိနေလဲဆိုတာ ဖော်ထုတ်ပေးနိုင်မယ့်အခြေအနေမျိုးဖြစ်လာနိုင်ပါတယ်။ ဥက္ကာခဲကြောင့်ဖြစ်ပေါ်လာမယ့်ပေါက်ကွဲမှုနဲ့ ဖုန်မှုန့်တွေဟာ လရဲ့အတွင်းပိုင်းဖွဲ့စည်းပုံနဲ့ သတ္တုဓာတ်တွေကိုလေ့လာဖို့အကောင်းဆုံးအခွင့်အရေးဖြစ်ပါတယ်။

ဒါ့အပြင် ဒီလိုတိုက်မိမှုကြောင့် ထွက်လာမယ့် လှိုင်းတွေနဲ့အပျက်အစီးတွေကို ကမ္ဘာပေါ်ကတယ်လီစကုပ်တွေနဲ့ အာကာသယာဉ်တွေကနေ အနီးကပ်စောင့်ကြည့်လေ့လာနိုင်မှာပါ။ အဲဒီကနေတစ်ဆင့် ကမ္ဘာကြီးရဲ့ဂြိုဟ်ရံလ ဘယ်လိုဖြစ်တည်လာသလဲဆိုတာနဲ့ အာကာသထဲက အခြားဂြိုဟ်တွေရဲ့ သဘာဝကိုပါ ပိုပြီးနားလည်လာနိုင်မယ်လို့ သိပ္ပံပညာရှင်တွေက မျှော်လင့်နေပါတယ်။

လက်ရှိမှာတော့ NASA အပါအဝင် အာကာသအေဂျင်စီတွေက ဒီဥက္ကာခဲရဲ့ လမ်းကြောင်းကို အမြဲမပြတ် စောင့်ကြည့်နေကြပြီး တကယ်လို့ တိုက်မိခဲ့ရင်လည်း လူသားတွေအတွက် အန္တရာယ်မရှိနိုင်ဘူးလို့ဆိုပါတယ်။

**Ref: IE**

**ကိုထက်**

# အနာဂတ်ဆောက်လုပ်ရေးအတွက် ကမ္ဘာ့ပထမဆုံးအဖြစ် စက်ရုပ်သာအသုံးပြုမယ့် အိမ်ရာတည်ဆောက်ရန် ဒူဘိုင်းပြင်ဆင်



အနာဂတ်နည်းပညာတွေကို အမြဲတမ်းဦးဆောင်နေတဲ့ဒူဘိုင်းမြို့ဟာ အခုဆိုရင် ကမ္ဘာ့ပထမဆုံးအဖြစ် စက်ရုပ်တွေကိုသာ အသုံးပြုပြီးတည်ဆောက်မယ့် “စက်ရုပ်လက်ရာ ဗီလာအိမ်ရာ” စီမံကိန်းတစ်ခုကို တည်ဆောက်ဖို့ ပြင်ဆင်နေပါတယ်။ ဒါဟာ ဆောက်လုပ်ရေးလောကကို ပြောင်းလဲပစ်မယ့် ခြေလှမ်းအသစ်တစ်ခုလည်းဖြစ်ပါတယ်။

စီမံကိန်းမှာ လူသားအလုပ်သမားတွေနေရာမှာ အဆင့်မြင့် စက်ရုပ်လက်တံတွေ၊ 3D Printing နည်းပညာတွေအသုံးပြုပြီး အိမ်အစိတ်အပိုင်းတွေကို တစ်ခုချင်းတည်ဆောက်သွားမှာဖြစ်ပါတယ်။ ဒီနည်းလမ်းကိုသုံးတာကြောင့် ပုံမှန်ထက် အချိန်ကုန်ပိုသက်သာစေရုံတင်မကဘဲ ဆောက်လုပ်ရေးကထွက်တဲ့ စွန့်ပစ်ပစ္စည်းတွေကိုလည်း များစွာလျှော့ချနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် လူသားတွေလုပ်ဖို့ခက်ခဲပြီး ထူးခြားဆန်းပြားတဲ့ ဒီဇိုင်းပုံစံတွေကိုလည်း စက်ရုပ်တွေက တိတိကျကျ ပုံဖော်ပေးနိုင်ဦးမှာ ဖြစ်ပါတယ်။

ဒူဘိုင်းအစိုးရရဲ့ ရည်မှန်းချက်ကတော့ ၂၀၃၀ ပြည့်နှစ်အရောက်မှာ သူတို့မြို့က အဆောက်အအုံအသစ် ၂၅ ရာခိုင်နှုန်းကို ဒီလို နည်းပညာတွေနဲ့ တည်ဆောက်သွားဖို့ဖြစ်ပြီး အခုဗီလာကစမ်းသပ်ချက်တစ်ခုဖြစ်လာမှာဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

# တစ်စက္ကန့်ကို တွက်ချက်မှုပေါင်း ကုဋေနှစ်သန်းလုပ်နိုင်တဲ့ စွမ်းအားမြင့်ကွန်ပျူတာအသစ်ကို NASA မိတ်ဆက်




အမေရိကန် အာကာသအေဂျင်စီဖြစ်တဲ့ NASA က တစ်စက္ကန့်ကို တွက်ချက်မှုပေါင်း ကုဋေနှစ်သန်းအထိ လုပ်ဆောင်နိုင်စွမ်းရှိတဲ့ စွမ်းအားမြင့်ကွန်ပျူတာအသစ်တစ်မျိုးကို ထုတ်ဖော်ပြသလိုက်ပါတယ်။ ဒီကွန်ပျူတာက သာမန်ကွန်ပျူတာတွေနဲ့မတူဘဲ အလွန်ရှုပ်ထွေးလှတဲ့ အာကာသဆိုင်ရာအချက်အလက်တွေကို အချိန်တိုအတွင်းမှာတွက်ချက်ပေးနိုင်စွမ်းရှိပါတယ်။ အထူးသဖြင့် လနဲ့အင်္ဂါဂြိုဟ်ဆီသို့ လူသားတွေကို စေလွှတ်မယ့်ခရီးစဉ်တွေမှာ လိုအပ်လာမယ့် လေခွင်းအားဆိုင်ရာ ပုံစံတူတွက်ချက်မှုတွေ၊ ရာသီဥတုပြောင်းလဲမှု ခန့်မှန်းချက်တွေနဲ့ ဂြိုဟ်ပတ်လမ်းကြောင်းတွေကို တိတိကျကျတွက်ချက်ဖို့အတွက် ဒီကွန်ပျူတာကို အသုံးပြုသွားမှာပါ။

ဒီလောက်အထိမြန်ဆန်တဲ့ တွက်ချက်မှုစွမ်းရည်ကြောင့် အရင်က နှစ်နဲ့ချီပြီး ကြာမြင့်နိုင်တဲ့ သုတေသနလုပ်ငန်းတွေက အခုဆိုရင် ရက်ပိုင်းအတွင်းမှာတင် အပြီးသတ်နိုင်တော့မှာဖြစ်ပါတယ်။ NASA သိပ္ပံပညာရှင်တွေကတော့ ဒီကွန်ပျူတာဟာ အာကာသစူးစမ်းလေ့လာရေးမှာ အရှိန်အဟုန်သစ်တစ်ခုဖြစ်လာစေမယ်လို့ ယုံကြည်နေပါတယ်။

**Ref: IE**

**ကိုထက်**

# သွေးတိုးရောဂါရှင်တွေအတွက် ထိရောက်မှုရှိတဲ့ ဆေးသစ်တစ်မျိုး ပေါ်ထွက်လာ

ပုံမှန်သောက်နေကျ သွေးတိုးကျဆေးတွေနဲ့ ရောဂါကိုထိန်းချုပ်လို့မရဖြစ်နေတဲ့ လူနာတွေအတွက်သိသိသာသာ ထိရောက်မှုရှိတဲ့ဆေးအသစ်တစ်မျိုးကို ပညာရှင်တွေ ကရှာဖွေတွေ့ရှိလိုက်တယ်လို့သိရပါတယ်။ ဒါဟာ သွေးတိုးရောဂါကုသမှုလောကမှာ အပြောင်းအလဲကြီးတစ်ခု ဖြစ်လာနိုင်တယ်လို့ ဆိုကြပါတယ်။

ဒီဆေးအသစ်ဟာ ခန္ဓာကိုယ်ထဲက သွေးဖိအားကိုမြင့်တက်စေတဲ့ ဟော်မုန်းထုတ်လုပ်မှုကို တိုက်ရိုက်ထိန်းချုပ်ပေးတာဖြစ်ပါတယ်။ သုတေသနစမ်းသပ်ချက်တွေအရ အရင်က ဘယ်ဆေးသောက်သောက် သွေးတိုးမကျတဲ့လူနာတွေမှာ ဒီဆေးကို အသုံးပြုကြည့်တဲ့အခါ သွေးဖိအား သိသိသာသာ ကျဆင်းသွားတာကို တွေ့ရပါတယ်။ အထူးသဖြင့် ရောဂါအခံကြောင့် သွေးပေါင်ချိန်ထိန်းရခက်တဲ့သူတွေအတွက် ဒီဆေးက များစွာအထောက်အကူဖြစ်စေမှာပါ။

လက်ရှိမှာ ဒီဆေးကိုလက်တွေ့အသုံးပြုနိုင်ဖို့ နောက်ဆုံးအဆင့်စမ်းသပ်မှုတွေ လုပ်ဆောင်နေပါတယ်။ ဆေးပညာရှင်တွေရဲ့အဆိုအရ ဒီဆေးဟာ ဘေးထွက်ဆိုးကျိုးနည်းပါးပြီး သွေးတိုးကြောင့်ဖြစ်လာနိုင်တဲ့ နှလုံးရောဂါနဲ့ လေသင်တုန်းဖြတ်နိုင်ခြေတွေကိုပါ လျှော့ချပေးနိုင်မယ်လို့ သိရပါတယ်။ ဒါကြောင့် မကြာခင်မှာ ဒီဆေးကို ဈေးကွက်အတွင်း အသုံးပြုနိုင်တော့မှာဖြစ်လို့ ဆေးယဉ်ပါးဖြစ်နေတဲ့ သွေးတိုးဝေဒနာရှင်တွေအတွက် မျှော်လင့်ချက်အသစ်တစ်ခု ဖြစ်လာတော့မှာပါ။

**Ref: IE**

**ကိုထက်**




# တန်ချိန်တစ်သိန်းရှိ Ford-class လေယာဉ်တင်သင်္ဘောကြီး ပထမဆုံးအကြိမ် ပင်လယ်ပြင်စမ်းသပ်မှုစတင်



အမေရိကန်ရေတပ်ရဲ့ အဆင့်မြင့်ဆုံးနဲ့ အင်အားအကြီးဆုံးလို့တင်စားကြတဲ့ တန်ချိန် တစ်သိန်းရှိ Ford–class လေယာဉ်တင်သင်္ဘောကြီးဟာ ပထမဆုံးအကြိမ်အဖြစ် ပင်လယ်ပြင်မှာ စမ်းသပ်မောင်းနှင်မှုလုပ်ဖို့ ဆိပ်ကမ်းကနေ စတင်ထွက်ခွာလာပြီဖြစ်ပါတယ်။ ဒီသင်္ဘောကြီးဟာ နျူကလီးယားစွမ်းအင်သုံးအမျိုးအစားဖြစ်ပြီး အရင်က သုံးခဲ့တဲ့ Nimitz–class သင်္ဘောတွေထက် နည်းပညာပိုင်းမှာ အများကြီးသာလွန်ပါတယ်။

အဓိကထူးခြားချက်ကတော့ လေယာဉ်တွေကိုပစ်လွှတ်တဲ့အခါမှာ အရင်ကသုံးတဲ့ ရေနွေးငွေ့သုံးပစ်လွှတ်စနစ်အစား လျှပ်စစ်သံလိုက်အားသုံးပစ်လွှတ်စနစ်ကို ပြောင်းလဲအသုံးပြုထားတာပဲ ဖြစ်ပါတယ်။ ဒီစနစ်အသစ်ကြောင့် လေယာဉ်တွေကို ပိုပြီးမြန်မြန်ဆန်ဆန်နဲ့ ချောချောမွေ့မွေ့ပစ်လွှတ်နိုင်မှာပါ။ အခုပင်လယ်ပြင်စမ်းသပ်မှုမှာ သင်္ဘောအရှိန်နှုန်း၊ စက်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုနဲ့ ရေဒါစနစ်တွေကို အသေးစိတ်စစ်ဆေးသွားမှာ ဖြစ်ပါတယ်။ ဒီသင်္ဘောကြီးပေါ်မှာ တိုက်လေယာဉ်ပေါင်း ၇၅ စင်းကျော်အထိ တင်ဆောင်နိုင်ပြီး ခေတ်မီလက်နက်စနစ်တွေလည်း အပြည့်အစုံပါဝင်ပါတယ်။ စစ်ရေးကျွမ်းကျင်သူတွေကတော့ ဒီသင်္ဘောတွေဟာ နှစ်ပေါင်း ၅၀ သက်တမ်းရှိမယ့် လက်နက်ကြီးတွေလို့ဆိုပါတယ်။ **Ref: IE**

**ကိုထက်**

■ **ကျောဖုံးမှအဆက်**

လေ့လာကြည့်ရှုနိုင်ရန် ဂုတ်ထိပ်(၁)ပြင်ဦးလွင်-ဂုတ်ထိပ်၊ ဂုတ်ထိပ်(၂) ဂုတ်ထိပ်-ပြင်ဦးလွင် ရှုခင်းကြည့် Sight Seeing ရထားခရီးစဉ်အား ဒီဇင်ဘာလ ၁၉ ရက်မှစတင်၍ အပတ်စဉ် စနေ၊ တနင်္ဂနွေရက်တို့တွင် ပြေးဆွဲပေးလျက်ရှိသည်။

ထိုသို့ပြေးဆွဲခဲ့ရာ ယနေ့အထိ ပုံမှန်ရထားခရီးစဉ်(၁၃)ခေါက်ပြေးဆွဲပေးခဲ့ပြီး ခရီးသည် ၆၂၂ ဦး၊ Package ဖြင့် စင်းလုံးငှားရမ်းမှုတွင် ခရီးသည် ၂၄ ဦးလိုက်ပါစီးနင်းနိုင်သည့် RBE အထက်တန်းတွဲဖြင့် ခရီးစဉ်(၈)ကြိမ်နှင့် ခရီးသည် ၄၀ ဦးလိုက်ပါစီးနင်းနိုင်သည့် RBE ရိုးရိုးတန်းတွဲဖြင့် ခရီးစဉ်(၆)ကြိမ်ဖြစ်၍ ခရီးသည် ၄၃၂ ဦး၊ စင်းလုံးငှားရထားကြီးဖြင့် ပြေးဆွဲပေးမှုအနေဖြင့် ဇန်နဝါရီလ ၁၂ ရက်နှင့် ၁၆ ရက်တို့တွင် ပြင်ဦးလွင်မြို့ရှိ Snow Queen ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ဆရာ၊ ဆရာမ ၅၄၀ ဦး၊ ဇန်နဝါရီလ ၂၈ ရက်တွင် ရိုးရိုးတန်းငါးတွဲဖြင့် ပြင်ဦးလွင်မြို့ရှိ မေမြို့ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမ ၃၀၀ ဦးနှင့် ဇန်နဝါရီလ ၂၉ ရက်တွင် ရိုးရိုးတန်းလေးတွဲနှင့် အထက်တန်းနှစ်တွဲဖြင့် ပြင်ဦးလွင်မြို့ အနီးစခန်းရှိ ပညာရွှေရောင်ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမ ၃၀၀ ဦးတို့ကို ပို့ဆောင်ပေးခဲ့ပြီး စတင်ပြေးဆွဲခဲ့သည့်အချိန်မှ ယနေ့ထိ ခရီးသည်စုစုပေါင်း ၂၁၉၃ ဦး လိုက်ပါစီးနင်းခဲ့သည်။

ပြင်ဦးလွင်-ဂုတ်ထိပ်၊ ဂုတ်ထိပ်-ပြင်ဦးလွင် RBE ရထားခရီးစဉ်တွင် ခရီးသည် ၄၀ ဦးလိုက်ပါစီးနင်းနိုင်ပြီး ဂုတ်ထိပ်(၁) RBE ရထားသည် ပြင်ဦးလွင်ဘူတာမှ နံနက် ၈ နာရီတွင် ထွက်ခွာ၍ ဂုတ်ထိပ်ဘူတာသို့ နံနက် ၁၁ နာရီခွဲတွင် ရောက်ရှိရပ်နားကြောင်း၊ ဂုတ်ထိပ် (၂) RBE ရထားသည် ဂုတ်ထိပ်ဘူတာမှ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ထွက်ခွာ၍ ပြင်ဦးလွင်ဘူတာသို့ ညနေ ၄ နာရီအချိန်တွင် ပြန်လည်ရောက်ရှိကြောင်း၊ လမ်းခရီးတွင် ပွဲကောက်၊ ဝက်ဝံ၊ ဆမ်ဆယ်၊ နောင်ချိုဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ဂုတ်ထိပ်ဘူတာမှ ဂုတ်ထိပ်တံတားပေါ်ဖြတ်သန်းပြီးရှုခင်းကြည့်နေရာအထိ လူ၂၀ ဦး လိုက်ပါစီးနင်းနိုင်သည့် RGC ရထားအားတစ်ဦးလျှင် ၅၀၀၀ ကျပ်နှုန်းဖြင့် ပြေးဆွဲပေးလျက်ရှိရာ ယနေ့အထိ ၄၀၀ ဦးလိုက်ပါစီးနင်းခဲ့သည်။

ပြင်ဦးလွင်-ဂုတ်ထိပ် အသွား/အပြန် ခရီးစဉ်အတွက် အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ၌ ပုံမှန်ပြေးဆွဲပေးလျက်ရှိပြီး ခရီးသွားကုမ္ပဏီများ (Tour Company)၊ ခရီးသွားအေဂျင်စီများ၊ Private School စသည့်ဝန်ဆောင်မှုလုပ်ငန်းများမှ သီးခြားရက်များတွင်ငှားရမ်းလိုပါက RBE ရထား (တစ်စင်းလုံး) ၂၄ ဦး လိုက်ပါစီးနင်းနိုင်သည့် အထက်တန်းတွဲဖြင့် အသွား/အပြန် ခရီးစဉ်အတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၇၂၀၀၀၀ ကျသင့်မည်ဖြစ်သည်။

ထို့အတူ ခရီးသည် ၁၅၀ ဦးနှင့်အထက် စီးနင်းနိုင်ရန် ရထားကြီးဖြင့် ထိုင်ခုံ ၃၀ ပါ အထက်တန်းတွဲ၊ ထိုင်ခုံ ၆၀ ပါ ရိုးရိုးတန်းတွဲနှင့် ဘရိတ်တွဲတို့ဖြင့်ချိတ်ဆက်၍ ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင် ခရီးစဉ်အပြင် ဇီးပင်ကြီး၊ အနီးစခန်းနှင့် သုံးတောင်ဘူတာတို့မှ လိုက်ပါစီးနင်းလိုပါကလည်း ပြေးဆွဲပေးမည်ဖြစ်ရာ ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင် အသွား/အပြန် ရိုးရိုးတန်းတစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှင့်အထက်တန်းတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ ကျသင့်မည်ဖြစ်ပြီး အနီးစခန်းဘူတာမှ စတင်ပြေးဆွဲပေးမှုအတွက် ရိုးရိုးတန်းတစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှင့် အထက်တန်း တစ်ဦးလျှင် ငွေကျပ် ၃၅၀၀၀ ကောက်ခံပြေးဆွဲပေးခဲ့သည်။

အထက်ပါ နှုန်းထားများဖြင့် **ရှုခင်းကြည့် Sight Seeing** ခရီးစဉ်များအတွက် Package ဖြင့် RBE သို့မဟုတ် ရထားကြီးစင်းလုံးငှားရမ်းလိုပါကသုံးရက်ကြိုတင်၍ ရုံးပိုင်ကြီး (အထူးတန်း) ပြင်ဦးလွင်၊ ဖုန်း ၀၉-၄၄၈၅၃၈၈၈၃၀ မှတစ်ဆင့် ဆက်သွယ်ငှားရမ်းနိုင်ကြောင်း သိရသည်။

မြဝတီ

## လူငယ်သည်သာရတနာ

✦ ချစ်တဲ့သူငယ်လေ
ဇမ္ဗူဝယ်ရှား လူငယ်များတို့ရေ။
✦ ညှာဟောင်းရွက်ကျင်၊ ဂိမှာန်ဝင်လျှင်
ခက်ရှင်စိုပြေ(ပြည်)၊ ရွက်နုဝေကာ
စိုနေရွှန်းပ ပင်လုံးလှလို့နေတော့တယ်။
✦ မြေအုတ်အိုများ၊ ပြိုပျက်သွားလျှင်
အစားဝင်လာ၊ ကျောက်ချပ်လွှာတို့
ခိုင်မာတိုးဝင်အလှဆင်လို့နေတော့တယ်။
✦ ဇရာညှဉ်း၍
အိုမင်းရင့်နှောင်း၊ ချုပ်ငြိမ်းပြောင်းလျှင်
အဟောင်းပျက်သုဉ်း၊ အသစ်ဖုံးကာ
ပခုံးထမ်းညီ ရှေ့သို့ချီစို့ကွယ်။
✦ လူငယ်ဟူက
တက်ကြွဝင့်ထည်၊ သောက်ရှူးကြယ်သို့
ရည်ရွယ်ချက်ထား၊ လုံ့လအားနဲ့
ကြိုးစားဖွေရှာ မြတ်ပညာ
လေ့လာဆည်းပူးနေရမယ်။
✦ လူငယ်ဟူဘိ
သတ္တိကိုမွေး၊ ရဲရင့်သွေးနဲ့
အရေးရှိငြား၊ အားဖြည့်ထားလို့
အမှားမချင့်၊ စိတ်ဓာတ်မြင့်မှ
ဂုဏ်တင့်မျိုးဆက် ပြည့်အသက်
ထမ်းရွက်သယ်ပိုးနိုင်ကြမယ်။
✦ လူငယ်ဆိုတာ
ခြောက်ရာမကြောက်၊ လမ်းမှန်လျှောက်လို့
ပြောင်းမြောက်စိတ်ဓာတ်၊ ရန်ကြံလတ်လည်း
မရပ်ရှေ့တိုး၊ ရန်စွယ်ချိုး
ရန်မျိုးကာကွယ်ဖယ်ရှင်းမယ်။
✦ လူငယ်အားလုံး
စည်းရုံးချစ်ကြည်၊ လက်တွဲညီသော်
တိုင်းပြည်အေးချမ်း၊ ဘေးမသန်းဘဲ
ရေချမ်းတစ်စင်၊ ပန်းတစ်ပင်သို့
လန်းရွှင်အေးမြ ကြည်နူးရ
လှပဂုဏ်ဝင့်ထည်တော့တယ်။
✦ အလိုလေ့အိုင်၊
လူငယ်သည်သာ၊ ရတနာမို့
ဘာမထီ ဘဝင်ရောက်စေဖို့
လက်မမြှောက် အလံမလှဲ့တယ်
ရဲလှတယ်လေး။ ။

**မောင်မင်းသိမ်း(သရက်)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-
(က) သာသနာ့ဝန်ထမ်းများ။
(ခ) အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။
၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ
(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်)အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။
မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။
(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ၂၉-၁-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၆,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

**MWD Education,Knowledge & Sports Channel**

**၃၀-၁-၂၀၂၆ (သောကြာနေ့)**

၁။ ၀၇:၀၀ - ၀၈:၃၅ Grade-9 မြန်မာစာ၊ အင်္ဂလိပ်စာ
၂။ ၁၅:၃၀ - ၁၇:၂၅ Grade-9 သင်္ချာ(၁)၊ သင်္ချာ(၂)၊ ပထဝီဝင်
၃။ ၁၇:၂၅ - ၁၈:၁၅ Grade-9 သမိုင်း၊ သိပ္ပံ

# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

'ငါ ဘာကိုကြောက်နေတာလဲ၊ ဘာများ ကြောက်စရာရှိလို့လဲ၊ သေတဲ့လူက ကြောက်စရာလား၊ မဟုတ်ဘူး၊ သေတဲ့လူဆိုတာ ကြောက်စရာမဟုတ်ဘူး၊ ငါကြောက်နေတာ သေခြင်းကိုကြောက်နေတာ၊ မသေခင်ခံစားရတဲ့ဝေဒနာတွေကို ကြောက်နေတာ၊ ဟုတ်ပါဘူး၊ ဝေဒနာဆိုတာ မသေခင်တော့ ခံစားရမှာပေါ့၊ အို ဒီမျက်နှာကြီး အပေါ်နှုတ်ခမ်းကြီးက ဘာလို့တိုတက်သွားရတာလဲ၊ သွားတွေကလည်းပေါ်လို့၊ မျက်ခုံးမွေးကြီးကလည်း ဆွဲထားလိုက်တာ မည်းလို့၊ နက်လို့၊ ထင်းလို့၊ ဘယ်သူများဆွဲပေးလိုက်တယ်မသိဘူး၊ လောဘ၊ ဒေါသ၊ မာနဆိုတာတွေက အသက်ဝိညာဉ်ဆိုတာနဲ့ အတူတူကပ်နေတယ်ထင်ပါရဲ့၊ အသက်ဆိုတာလည်းထွက်သွားရော မာမီကြီးမျက်နှာကြီးက အေးစက်ပြီး ငြိမ်သွားရော၊ အို တစ်မျိုးကြီးပဲ'

စုလှိုင်သည် နံရံကိုကျောမှီကာ ကြမ်းပေါ်တွင်ထိုင်ချလိုက်သည်။ ယောက်ယက်ခတ်နေသောအတွေးများကို ဆွဲ၍စုရင်း စိတ်ကိုပြန်လည်ငြိမ်သက်အောင် ကြိုးစားနေမိသည်။

နဖူးပြင်တွင် စီးကျနေသောချွေးများကို အင်္ကျီလက်မောင်းနှင့်ပွတ်သုတ်လိုက်သည်။ ထိန်ထိန်လင်းနေသော အလင်းရောင်အောက်တွင်ကား သေဆုံးပြီးဖြစ်သော မာမီကြီး၏သဏ္ဌာန်ကို စဉ်းစားမိသော်လည်း အမှောင်ထဲကလောက် ကြောက်ရွံ့လှိုက်မောခြင်းမရှိတော့ချေ။

ကြမ်းပေါ်သို့လွင့်ကျနေသော စာအိတ်ပြာလေးကို ယခုမှပင်သတိထားမိတော့သည်။ စိတ်အာရုံပြောင်းမှပြောင်းစေတော့ဟု လှမ်း၍ကောက်ယူကာ ဖွင့်လိုက်သည်။

စုဆိုတဲ့ မမစု

သိပ်စိတ်ညစ်နေလား။ စိုင်းလေ စုအနားကိုလာပြီး အားပေးချင်ပါတယ်။ ဒါပေမဲ့ ပိုင်လည်းမပိုင်၊ ဆိုင်လည်းမဆိုင်တဲ့ဘဝမို့ လက်မှိုင်သာချနေရပါတယ် စုရယ်။ သေဆုံးခြင်းဆိုတာ ထာဝရခွဲခွာခြင်းပါ၊ အဘွားဖြစ်သူနဲ့ ထာဝရခွဲခွာလိုက်တော့ စု ဘယ်လောက်စိတ်မကောင်းဖြစ်နေမယ်ဆိုတာ စိုင်းလည်း ကိုယ်ချင်းစာ . .

ဝိုင်းစက်သောလက်ရေးလေးများကို စူးစိုက်ကြည့်နေရင်း စုလှိုင်ခေါင်းထဲတွင် ရီဝေမှုန်မှိုင်းလာပြန်သည်။

'သေခြင်းဆိုတာ ထာဝရခွဲခွာခြင်းတဲ့၊ ဟုတ်သားပဲ၊ မာမီကြီးနဲ့ငါ ထာဝရကွဲကွာသွားပြီပဲ၊ ဘာမှမဆိုင်တော့ဘူး၊ ရှင်းသွားပြီ၊ လွတ်သွားပြီ၊ အို ဒါပေမဲ့ ဘယ်လိုကြီးလဲကွယ်၊ မရှင်းသလို၊ မလွတ်သလို၊ အိုကွယ် အရိပ်ကြီးလွှမ်းနေတယ်၊ မှန်းတယ်'

စုလှိုင်သည် စာရွက်ပြာလေးကိုပစ်ချကာ ငေးနေမိလေသည်။ နောက်တစ်နေ့နံနက် မအေးတင်ရောက်လာသောအခါ တစ်ခန်းလုံး ရှိရှိသမျှမီးတို့ကို အကုန်ဖွင့်ကာ ကြမ်းပေါ်တွင် အိပ်ပျော်နေဟန်ရှိသော စုလှိုင်ကို တအံ့တသြတွေ့ရသည်။

'ဟယ် စု'

မအေးတင်သည် စုလှိုင်ကို ကမန်းကတန်းပွေ့ထူလိုက်သည်။ စုလှိုင်၏ကိုယ်သည် ခြစ်ခြစ်တောက်အောင် ပူနေလေသည်။

'မအေးတင် လား'

စုလှိုင်က တိုးတိုးလေးမေးသည်။ အားတက်သွားသလို ပင့်သက်ရှိုက်ရင်း ပြုံးလိုက်သည်။ စိုးရိမ်တကြီးကြည့်နေသော မအေးတင်ကို မျက်လွှာပင့်ကြည့်ရင်း ငိုသံလေးဖြင့်ပြောသည်။



'ညကြီးကလည်း ရှည်လိုက်တာ၊ ကြာလိုက်တာ၊ ဒီနေ့ည စုနဲ့လာအိပ်ပါ၊ စုနဲ့လာအိပ်ပါနော်'

■ ■ ■ ■ ■

'စားတဲ့နေရာ၊ အိပ်တဲ့နေရာ အစစအရာရာ ဇိမ်ခံနေတဲ့ ဇိမ်ခံအရင်းရှင်လူတန်းစားတွေ အများကြီးရှိသေးတယ်၊ မွေ့ရာအထပ်ထပ်၊ ဂွမ်းစောင်အထပ်ထပ်နဲ့ မှိန်းနေတဲ့လူတွေရဲ့ဘဝနဲ့ ခြုံစရာစောင်မရှိလို့ ဂုန်နီအိတ်ခြုံပြီး ကွေးနေရတဲ့သူတွေရဲ့ဘဝကို ညှိပစ်ရမယ် သိရဲ့လား'

တင်ထွန်းမောင်သည် စားပွဲကိုလက်သီးဖြင့်ထုလိုက်သည်။ သစ်သားစားပွဲ ခနော်နီခနော်နဲ့လေးပေါ်ရှိ သံပရာရည်ခွက်သည် ယိုင်လဲတော့မည်ကဲ့သို့ဖြစ်သွား၍ ညီလင်းက ကမန်းကတန်း လှမ်း၍ဖမ်းကိုင်လိုက်ရလေသည်။

'နိုင်ငံမှာ ဘယ်လိုရန်တွေ ပတ်လည်ဝိုင်းနေသလဲ၊ နင်းပြားတွေ ဘယ်လောက်အဖိနှိပ်ခံနေရသလဲ၊ ဒါတွေကို မင်းမြင်စမ်းပါ၊ တွေးစမ်းပါ၊ စဉ်းစားစမ်းပါ ညီလင်း၊ ဒါတွေကို စဉ်းစားဖို့ ကာကွယ်ဖို့ မင်းမှာလည်း တာဝန်ရှိတယ်၊ ငါ့မှာလည်း တာဝန်ရှိတယ်၊ နိုင်ငံသားတိုင်းမှာ တာဝန်ရှိတယ်'

စားပွဲပေါ်တွင် ကနစိုးပွင့် ဖြူဝါဝါလေးများကြွေကျနေသည်။ ဦးယမ်းဘီလူး၏အဆောင်သို့လာတိုင်း ညီလင်းညိုသည် ထိုစားပွဲလေးတွင် ထိုင်နေကျဖြစ်သည်။ အမိုးအကာနှင့်ကင်းလွတ်ပြီး သဘာဝအလင်းရောင်အောက်တွင် ထိုင်ရသည်မှာ နှစ်သက်စရာကောင်းသည့်အပြင် ကနစိုးပင်ကြီးသည် နေရောင်ကိုလည်းကောင်း၊ မိုးစက်မှုန်မှုန်များကိုလည်းကောင်း အတော်အကာအကွယ်ပေးသည်။ ကနစိုးပွင့်ချိန်တွင် သူ့စားပွဲပေါ်သို့ကြွေလင့်ကျလာသော ကနစိုးပွင့်လေးများကိုကောက်ရင်း တစ်ပွင့်၊ နှစ်ပွင့် ရေတွက်နေမိတတ်သည်မှာ သူ့အကျင့်ဖြစ်သည်။

ညီလင်း၏ဘေးတွင်ထိုင်နေသော နွေသူရိန်ကမူ တင်ထွန်းမောင်ပြောသမျှ တစ်လုံးမှနားထဲဝင်ဟန်မရှိချေ။ သူ့ရှေ့ရှိ လက်ဖက်ရည်ပန်းကန်ကို သတိရဟန်မတူ၊ တစ်ဖက်စားပွဲမှ မိန်းမလေးနှစ်ဦးကိုသာ အငေးသားကြည့်နေသည်။ ခပ်လှမ်းလှမ်းတွင်ကား ခေါင်းချင်းဆိုင်ထိုင်ကာ တွတ်ထိုးနေသော အတွဲလေးနှစ်တွဲထိုင်နေသည်။ ဖျော်ရည်ခွက်ကိုပင် တစ်ခွက်စီမသောက်၊ ဝေးနေ၍ထင်သည်၊ တစ်ခွက်တည်းတွင်ပင် စုပ်တံနှစ်ချောင်းတပ်ပြီး ခေါင်းချင်းဆိုင်ကာ အတူတူသောက်ကြသည်။

'အားကျလိုက်တာနော်'

ခပ်နောက်နောက်ကျောင်းသားတစ်ဦးက အံကြိတ်သံနှင့်မကြားတကြားပြောလိုက်သံကို ကြားလိုက်ရသည်။

**ဆက်လက်ဖော်ပြပါမည်။**

# မြန်မာ-ရုရှား ဇီဝလုံခြုံရေးကဏ္ဍ မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၉**

အာရှ-ပစိဖိတ်ဒေသအပါအဝင် ကမ္ဘာတစ်ဝန်း၌ ဇီဝလုံခြုံရေးဆိုင်ရာနယ်ပယ်များတွင် ဖြစ်ပေါ်လျက်ရှိသည့် ခြိမ်းခြောက်မှုများအား သုတေသနပြု ဆန်းစစ်အကဲဖြတ်မှုများကို ပူးပေါင်းဖလှယ်နိုင်ရန် ရည်ရွယ်လျက် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား တတိယအကြိမ်မြောက် ဇီဝလုံခြုံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၌ ကျင်းပသည်။

ဦးစွာ ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် အမျိုးသားအဆင့်အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့ (Biological Weapon Convention/ BWC-National Authority) ဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဖေယျက မြန်မာနိုင်ငံသည် ၁၉၇၂ ခုနှစ်တွင် BWC အဖွဲ့ဝင်အဖြစ် စတင်လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်တွင် BWC ပြဋ္ဌာန်းချက်များအား တိကျစွာလိုက်နာရမည်ကို ခိုင်မာသောလက်မှတ် (Ratification) ရေးထိုးခဲ့ကာ ၁၇၁ နိုင်ငံမြောက် BWC အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ရာမှ BWC ပြဋ္ဌာန်းချက်များနှင့် ကတိကဝတ်များကို လိုက်နာကျင့်သုံးလျက်ရှိပြီး နှစ်စဉ် ဧပြီလ ၁၅ ရက် မတိုင်မီ နိုင်ငံအချင်းချင်းယုံကြည်မှုတည်ဆောက်ရာတွင် အရေးပါသောအချက်များဖြေကြားထားသည့် Confidence Building Measures (CBMs)ကို Implementation Support Unit သို့ ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ရှစ်ကြိမ်တင်သွင်းခဲ့ပြီးဖြစ်ကြောင်း။

ယခင်သမိုင်းကြောင်း အစဉ်အလာများ၊ ယခုခေတ် ဇီဝကပ်ဘေးအန္တရာယ်များကြောင့် လူသားမျိုးနွယ်တို့ ရေရှည်တည်တံ့စွာ ရှင်သန်နေထိုင်နိုင်ရေးအတွက် ဇီဝလုံခြုံရေးသည် အထူးအလေးထားဆောင်ရွက်ရမည့်ကဏ္ဍတစ်ခုဖြစ်ကြောင်း၊ တိရစ္ဆာန်နှင့်အပင်များ၊ မျိုးရိုးဗီဇပြုပြင်ထားသောကောက်ပဲသီးနှံများနှင့်ထုတ်ကုန်များမှတစ်ဆင့်ဖြစ်ပေါ်လာနိုင်သော ကူးစက်ကပ်ရောဂါများ၊ ယင်းအပြင် AI အခြေပြု ဇီဝနည်းပညာပြုပြင်ဖန်တီးမှုများမှတစ်ဆင့် ဖြစ်ပေါ်လာနိုင်သော ဇီဝဘေးအန္တရာယ်များကိုကင်းရှင်းစေရေးအတွက် မိမိတို့နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက်ရေရှည်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အရေးပါသောခြေလှမ်းတစ်ရပ်အနေဖြင့် ယနေ့ညှိနှိုင်းဆွေးနွေးနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။




ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်ပါ အခန်း (၁၀)ရှိ သိပ္ပံနှင့်နည်းပညာကဏ္ဍပူးပေါင်းဆောင်ရွက်ရေးကို ကိုးကားလျက် ဇီဝလုံခြုံရေးဆိုင်ရာနယ်ပယ်များတွင် နှစ်နိုင်ငံစည်းလုံးညီညွတ်စွာပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ဇီဝလုံခြုံရေးဆိုင်ရာ ထိန်းချုပ်ဆောင်ရွက်မှုအခင်းအကျင်းများမြှင့်တင်ဖော်ဆောင်ရေး၊ နိုင်ငံတကာဖိုရမ်များ ကျင်းပသွားနိုင်ရန်နှင့် အပြန်အလှန် ဆက်သွယ်ဖလှယ်မှုများ တည်ဆောက်သွားနိုင်ရေးမှသည် နှစ်နိုင်ငံလုံးရှိ ပြည်သူတို့၏ဇီဝလုံခြုံရေးပိုမိုခိုင်မာအားကောင်းမှုမှ ဘုံအကျိုးကျေးဇူးများကိုရရှိနိုင်ရေးတို့အတွက် ရင်းနှီးပွင့်လင်းစွာ အသိအမှတ်ပြုကာ ညှိနှိုင်းဆွေးနွေးကြသည်။

နှစ်ဖက်ဆွေးနွေးမှုများအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကာ ပေါင်းစပ်ညှိနှိုင်းပေးပြီး ရုရှားကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ထံ အမှတ်တရလက်ဆောင်ပေးအပ်သည်။ ယခုဆွေးနွေးပွဲမှတစ်ဆင့် မြန်မာ-ရုရှား မဟာဗျူဟာမြောက်မိတ်ဖက်နိုင်ငံများပီပီ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု အခွန့်ရှည်ခိုင်မြဲစေရေးကို ဇီဝလုံခြုံရေးပူးပေါင်းဆောင်ရွက်မှုမှ တစ်တပ်တစ်အား အထောက်အကူပြုနိုင်ရေး၊ နိုင်ငံ့ဇီဝလုံခြုံရေးကဏ္ဍကို ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရေးအတွက် ဇီဝနည်းပညာအဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် ကမ္ဘာ့ထိပ်တန်းဇီဝလုံခြုံရေး နိုင်ငံဖြစ်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ရေရှည်ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အတွက် အပြုသဘောဆောင်သော ဆွေးနွေးမှုရလဒ်များရရှိခဲ့ကြောင်း သိရသည်။

**မြဝတီ**

# ၂၀၂၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ အလုပ်သမားဈေးကွက်ညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၉




အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆော်ဒီအာရေဗျနိုင်ငံ ရီယာဒ်မြို့၌ ဇန်နဝါရီလ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ကျင်းပခဲ့သည့် ၂၀၂၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ အလုပ်သမားဈေးကွက်ညီလာခံ (Global Labour Market Conference 2026) သို့ တက်ရောက်ပြီး ယမန်နေ့က ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

၂၀၂၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ အလုပ်သမားဈေးကွက်ညီလာခံကို ကမ္ဘာတစ်ဝန်းရှိ အလုပ်သမားဈေးကွက်တွင် ကြုံတွေ့နေရသော အခက်အခဲများကို ဖြေရှင်းရန်နှင့် အနာဂတ်အတွက် ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ရန်အတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

ညီလာခံ၏ ပထမပိုင်းအစီအစဉ်ကို ဇန်နဝါရီလ ၂၆ ရက် နံနက်ပိုင်းက ရီယာဒ်မြို့ Ritz-Carlton ဟိုတယ်အစည်းအဝေးခန်းမ၌ စတင်ကျင်းပရာ ဆော်ဒီအာရေဗျနိုင်ငံ လူ့စွမ်းအားအရင်းအမြစ်နှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Ahmad bin Sulaiman Al-Rajhi က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးအဆင့် စားပွဲဝိုင်းဆွေးနွေးပွဲကို "From Policy to Practice: Opening Immediate Pathways to Work Amid Rapid Change" ခေါင်းစဉ်ဖြင့် ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ကမ္ဘာလုံးဆိုင်ရာ အလုပ်သမားဈေးကွက်ညီလာခံကို ၂၀၂၃ ခုနှစ်တွင် လူငယ်များကို နည်းပညာအတွက် ပြင်ဆင်ပေးရန် စတင်ကျင်းပခဲ့ပြီး ၂၀၂၅ ခုနှစ် ညီလာခံတွင် ထိရောက်သည့် လုပ်ဆောင်ချက် (၈) ရပ်ကို ချမှတ်နိုင်ခဲ့သည်ကို သိရှိရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မူဝါဒများကို လက်တွေ့အဖြစ်ပြောင်းလဲရန် အောက်ပါ အဓိကနယ်ပယ် လေးခုကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပထမဦးစွာ အလုပ်အကိုင်အခွင့်အလမ်းများကို လူတိုင်းလက်လှမ်းမီပါဝင်လာစေရန် စနစ်တကျစုစည်းထားမှုမရှိသောကဏ္ဍ (Informal Sector) မှ စီးပွားရေးလုပ်ငန်းများကို စနစ်တကျစုစည်းမှတ်ပုံတင်ထားသောကဏ္ဍ (Formal Sector) သို့ ပြောင်းလဲနိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း။

ဒုတိယအနေဖြင့် လုပ်သားများအား မှန်ကန်သောကျွမ်းကျင်မှုများ ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှုစံ သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority-NSSA) ၏ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုစံများရေးဆွဲခြင်းနှင့် Recognition of Prior Learning (RPL) စနစ်အရ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်းနှင့် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ တတိယအနေဖြင့် လိုက်လျောညီထွေမှုရှိသော လုပ်သားဈေးကွက်များကို ပျိုးထောင်ပေးနိုင်ရေးအတွက် မူဝါဒများဟန်ချက်ညီစေရန် ဆောင်ရွက်နေကြောင်း။

စတုတ္ထအနေဖြင့် နည်းပညာနှင့် အချက်အလက်များကို ထိရောက်စွာ အသုံးချနိုင်ရန်အတွက် နယ်စပ်ဖြတ်ကျော်အလုပ်သမားလိုအပ်ချက်နှင့် ထောက်ပံ့မှုကို ချိတ်ဆက်ရန် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် နိုင်ငံအများအပြားပူးပေါင်းဆောင်ရွက်မှုမူဘောင်များကို ပိုမိုခိုင်မာအောင် ချမှတ်သွားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဤသို့ဆောင်ရွက်ရာတွင် မဖြစ်မနေလိုအပ်မည့် အခြေခံဒစ်ဂျစ်တယ် ကျွမ်းကျင်မှု (Digital literacy) ကို ဦးစားပေးတစ်ရပ်အဖြစ် ထည့်သွင်းသွားမည်ဖြစ်ပြီး ပြည်ပတွင် အလုပ်လုပ်ကိုင်ပြီး ပြန်လည်ရောက်ရှိလာသောလုပ်သားများ အနေဖြင့်လည်း ၎င်းတို့ရရှိခဲ့သည့် အတွေ့အကြုံနှင့် နည်းပညာများကို နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြန်လည်အသုံးချနိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် Brain Drain အခြေအနေမှ Brain Gain ဖြစ်စေရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်းနှင့် "မူဝါဒများမှ လက်တွေ့ဆီသို့ အတူတကွ လျှောက်လှမ်းကြပါစို့" ဟု တိုက်တွန်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသည့် နိုင်ငံပေါင်း ၄၀ မှ အလုပ်သမားရေးရာဝန်ကြီးများက အသီးသီးဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရီယာဒ်မြို့ King Abdulaziz International Conference Center ရှိ အထွေထွေညီလာခံခန်းမ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ အလုပ်သမားဈေးကွက်ညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးက H.E. Ahmed bin Sulaiman Al-Rajhi မှ ဧည့်ခံသောယဉ်ကျေးမှုပြပွဲနှင့် ညစာစားပွဲသို့ တက်ရောက်သည်။

ဇန်နဝါရီလ ၂၇ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် ဆော်ဒီအာရေဗျနိုင်ငံ General Supervisory Executive for Domestic Services Sector မှ Mr. Abdulwahab Alageel နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအလုပ်သမားရေးရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆက်လက်၍ ဆော်ဒီအာရေဗျနိုင်ငံ၏ အလုပ်သမားဈေးကွက်အတွက် လုပ်ငန်းခွင်ပတ်ဝန်းကျင်တိုးတက်ကောင်းမွန်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ ကျွမ်းကျင်မှုနှင့် လေ့ကျင့်ရေးဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသားလုပ်သားအသုံးချမှုမြင့်တင်ရေးနှင့် စီမံခန့်ခွဲမှုအမြင့်ဆုံးအဆင့်ကဏ္ဍများအတွက် ထူးချွန်သော ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများကို Labour Award ချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

၂၀၂၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ အလုပ်သမားဈေးကွက်ညီလာခံသို့ နိုင်ငံပေါင်း ၄၀ မှ အလုပ်သမားရေးရာဝန်ကြီးများ၊ ILO၊ World Bank၊ နိုင်ငံတကာသံရုံးအသီးသီးမှ ကိုယ်စားလှယ်များ၊ အစိုးရဝန်ကြီးဌာနအသီးသီးမှကိုယ်စားလှယ်များ၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကမ္ဘာ့ကျော်နည်းပညာကုမ္ပဏီကြီးများမှ CEOs တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် Establishment of Artificial Intelligence (AI) Laboratory at Yangon Technological University စီမံကိန်းပြီးမြောက်ခြင်းအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၉

မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှုဖြင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် Establishment of Artificial Intelligence (AI) Laboratory at Yangon Technological University စီမံကိန်းပြီးမြောက်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်နည်းပညာတက္ကသိုလ် စဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr. Abhay Thakur တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် Pre-AI Impact Summit Event Documentary ပြသခြင်း၊ ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်(တာဝန်)က Establishment of Artificial Intelligence (AI) Laboratory at Yangon Technological University စီမံကိန်းအကြောင်း ရှင်းလင်းပြောကြားခြင်း၊ Establishment of Artificial Intelligence (AI) Laboratory at YangonTechnological University စီမံကိန်းမှ မှတ်တမ်းဗီဒီယိုပြသခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် အိန္ဒိယနိုင်ငံတွင် ကျင်းပမည့် India AI Impact Summit 2026 နှင့် စပ်လျဉ်း၍ အကြိုဆောင်ရွက်မှုများကို Polytechnic University (ကျိုင်းတုံ) ပါမောက္ခချုပ်က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် Artificial Intelligence (AI) Laboratory ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံမှ India AI Impact Summit 2026 ၏ အကြို Pre-Summit Event Meeting များအလိုက် ပါဝင်ဆောင်ရွက်ထားရှိမှုများ၊ မြန်မာနိုင်ငံမှ India AI Impact Summit 2026 တွင် Working Group များအလိုက် ပါဝင်တက်ရောက်ဆွေးနွေးနိုင်မည့် Delegates များနှင့် ပါဝင်ဆောင်ရွက်နိုင်မည့် အခန်းကဏ္ဍများကို ဆွေးနွေးကြသည်။

ယင်းနောက် Establishment of Artificial Intelligence (AI) Laboratory at Yangon Technological University စီမံကိန်း၌ ပါဝင်သည့် Capacity Building Training အတွက် ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် (တာဝန်) က SR University ၏ ပါမောက္ခနှင့်မိတ်ဆက်ခြင်းနှင့် AI Training အကြောင်းရှင်းလင်းခြင်း၊ SR University မှ ပါမောက္ခ Nitin M Gupta က ဉာဏ်ရည်တုနည်းပညာဆိုင်ရာ Capacity Building အကြောင်း ဆွေးနွေးပို့ချခြင်းတို့ကို ဆောင်ရွက်ကြသည်။




အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ UMFCCI မှ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ AI Policy နှင့် AI Strategy ရေးဆွဲရေးအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြကြောင်းသိရသည်။

မြဝတီ

# ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲကို စပိန်နိုင်ငံ၌ကျင်းပမည်ဖြစ်ကြောင်း စပိန်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်အတည်ပြု



မက်ဒရစ် ဇန်နဝါရီ ၂၉

စပိန်နိုင်ငံဘောလုံးအဖွဲ့ချုပ်က လာမည့် ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲကို စပိန်နိုင်ငံ၌ ကျင်းပမည်ဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

လာမည့် ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲကိုလည်း ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲနည်းတူ ပူးတွဲအိမ်ရှင်နိုင်ငံများအဖြစ် စပိန်နိုင်ငံ၊ ပေါ်တူဂီနိုင်ငံနှင့် မော်ရိုကိုနိုင်ငံတို့၌ကျင်းပမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲသည် ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတွင် ရာပြည့်အထိမ်းအမှတ်ပြိုင်ပွဲအဖြစ် ကျင်းပမည်ဖြစ်သည့်အတွက် အုပ်စုပထမဆုံးပွဲစဉ် သုံးပွဲကို ပူးတွဲအိမ်ရှင်နိုင်ငံများ၌ ကျင်းပမည်မဟုတ်ဘဲ အာဂျင်တီးနားနိုင်ငံ၊ ပါရာဂွေးနိုင်ငံနှင့် ဥရုဂွေးနိုင်ငံတို့၌ ကျင်းပမည်ဖြစ်ကာ ကျန်ပွဲစဉ်များကိုသာ ပူးတွဲအိမ်ရှင်နိုင်ငံများ၌ ကျင်းပမည်ဖြစ်သည်။

အစောပိုင်းက ဗိုလ်လုပွဲကို မော်ရိုကိုနိုင်ငံက ကျင်းပရန်အလိုရှိခဲ့သော်လည်း ဆွေးနွေးမှုများအပြီး စပိန်နိုင်ငံ၌သာကျင်းပရန် သဘောတူညီမှုရရှိခဲ့ကာ စပိန်နိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြေညာခဲ့သော်လည်း ကျင်းပမည့် အားကစားကွင်းကို အတည်ပြုထားခြင်း မရှိသေးဘဲ ရီးယဲလ်မက်ဒရစ်အသင်း၏ ဘာနေဗျူး အားကစားကွင်းနှင့် မကြာသေးမီက တည်ဆောက်ပြီးစီးခဲ့သည့် နူးကမ့်အားကစားကွင်းတို့မှ တစ်ကွင်း၌ ကျင်းပဖွယ်ရှိသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဗိုလ်လုပွဲကို အိမ်ရှင်နိုင်ငံများက ရွေးချယ်နိုင်သော်လည်း ဗိုလ်လုပွဲကျင်းပရမည့်အားကစားကွင်းကို အိမ်ရှင်နိုင်ငံများအနေဖြင့် ရွေးချယ်ပိုင်ခွင့်မရှိဘဲ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ရွေးချယ်သတ်မှတ်မည်ဖြစ်သည်။

မကြာမီကျင်းပမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို ပထမဆုံးအကြိမ်အဖြစ် ပုံစံပြောင်းလဲကျင်းပမည်ဖြစ်ပြီး အသင်းအရေအတွက်တိုးမြှင့်ကာ ၄၈ သင်းဖြင့် ကျင်းပမည်ဖြစ်သည့်အတွက် အုပ်စုပွဲစဉ် အရေအတွက် များပြားလာမည်ဖြစ်ကာ လာမည့် ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲအပါအဝင် အုပ်စုပွဲစဉ်အများစုကို စပိန်နိုင်ငံ၌သာကျင်းပဖွယ်ရှိပြီး အင်္ဂလန်ပရီးမီးယားလိဂ်ကွင်းအချို့နှင့်လည်း စီလာအသင်းတို့၏ အိမ်ကွင်းများလည်း ပြိုင်ပွဲ လက်ခံကျင်းပမည့်စာရင်းတွင် ပါဝင်နေကြောင်း သိရသည်။

Ref;Goal.com

# ချယ်လ်ဆီးအသင်းနှင့်စတာလင်းတို့ စာချုပ်ဖျက်သိမ်းရန် သဘောတူညီမှုရရှိ

လန်ဒန် ဇန်နဝါရီ ၂၉

ချယ်လ်ဆီးအသင်းနှင့်တိုက်စစ်ကစားသမား စတာလင်းတို့သည် လက်ကျန်စာချုပ်ဖျက်သိမ်းကာ လမ်းခွဲရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အသက် ၃၁ နှစ်အရွယ် စတာလင်းသည် ၂၀၂၂ ခုနှစ်က မန်စီးတီးအသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ချယ်လ်ဆီးအသင်း၌ ခြေစွမ်းပြနိုင်ခြင်းမရှိသဖြင့် ပွဲကစားခွင့်များမရရှိခဲ့ခြင်းဖြစ်သည်။

စတာလင်းသည် ချယ်လ်ဆီးအသင်း၌ ပွဲကစားခွင့်မရရှိသည့်အတွက် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက အာဆင်နယ်အသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီး အာဆင်နယ်အသင်း၌လည်း ခြေစွမ်းပြနိုင်ခြင်းမရှိသည့်အတွက် အာဆင်နယ်အသင်းက အပြီးသတ်ခေါ်ယူမည်မဟုတ်ဘဲ အငှားစာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် ချယ်လ်ဆီးအသင်းထံ ပြန်လည်စေလွှတ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

သို့သော် ချယ်လ်ဆီးအသင်းကလည်း စတာလင်းကို အသင်းထံပြန်လည်မခေါ်ယူလိုသည့်အတွက် လက်ကျန်စာချုပ်သက်တမ်းကိုဖျက်သိမ်းရန် ဆွေးနွေးမှုများလုပ်ဆောင်ခဲ့ရာမှ နှစ်ဖက်သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref;Fabrizio Romano

# လီဗာပူးအသင်းက ဝါတန်အားခေါ်ယူရန်ကမ်းလှမ်းထားပြီး ယခုဘောလုံးရာသီတွင် ပဲလေ့စ်အသင်း၌သာကစားစေမည်

လန်ဒန် ဇန်နဝါရီ ၂၉

လီဗာပူးအသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းမှ လူငယ်ကွင်းလယ်ကစားသမား ဝါတန်အား လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင်ပင် မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့်ခေါ်ယူရန် ကမ်းလှမ်းထားသော်လည်း ယခုဘောလုံးရာသီတွင် ပဲလေ့စ်အသင်း၌သာ ဆက်လက်ကစားစေမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၁ နှစ်အရွယ် ဝါတန်သည် ၂၀၂၃ ခုနှစ်က ဘလက်ဘန်းအသင်းမှ ပဲလေ့စ်အသင်းထံ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီး အလားအလာရှိသည့် လူငယ်ကစားသမားအဖြစ် သတ်မှတ်ခံထားရသူဖြစ်သည်။

ဝါတန်အား လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် လီဗာပူးအသင်းအပြင် ပရီးမီးယားလိဂ်ထိပ်တန်းကလပ်အသင်းကြီးများဖြစ်သည့် မန်စီးတီးအသင်း၊ မန်ယူအသင်းနှင့် ချယ်လ်ဆီးအသင်းတို့က ခေါ်ယူရန်စိတ်ဝင်နေပြီး လီဗာပူးအသင်းက လက်ဦးမှုရယူလိုသောကြောင့် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင်ပင် မြင့်မားသည့်ပြောင်းရွှေ့ကြေး တစ်ရပ်ဖြစ်သော စတာလင်ပေါင် ၈၆ သန်းအထိ ပေးချေကာ ခေါ်ယူရန်ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် ယခုဘောလုံးရာသီတွင် ဖလိုရီယန်ဝက်ဇ်အားခေါ်ယူထားသော်လည်း အသင်းကွင်းလယ်ပိုင်းအနေဖြင့် လိုအပ်ချက်များရှိနေသည့်အတွက် ပဲလေ့စ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြလျက်ရှိသော ဝါတန်အား ခေါ်ယူလိုခြင်းဖြစ်ကြောင်း သိရသည်။

Ref;Fabrizio Romano




# ပီအက်စ်ဂျီအသင်းက လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် ရာမို့စ်နှင့် လီကန်အင်းတို့ကိုအလိုက်ပေးပြီး အယ်ဗာရက်အားခေါ်ယူရန်ပြင်ဆင်

ပဲရစ် ဇန်နဝါရီ ၂၉

ပီအက်စ်ဂျီအသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကြေးအပြင် အသင်းတိုက်စစ်ပိုင်းမှ ရာမို့စ်နှင့်လီကန်အင်းတို့ကိုအလိုက်ပေးပြီး အက်သလက်တီကိုအသင်းတိုက်စစ်ကစားသမားအယ်ဗာရက်အား ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။

အသက် ၂၅ နှစ်အရွယ် အယ်ဗာရက်သည် မန်စီးတီးအသင်း၌ ကစားစဉ်ကတည်းက အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့သော်လည်း အသင်းတိုက်စစ်ပိုင်းတွင် ဟာလန်းနောက်မှသာ ဒုတိယဦးစားပေးကစားသမားအဖြစ်ကစားခွင့်ရရှိနေသည့်အတွက် ၂၀၂၄ ခုနှစ်က အက်သလက်တီကိုအသင်းထံ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

အယ်ဗာရက်သည် အက်သလက်တီကိုအသင်း၌ အကောင်းဆုံးခြေစွမ်းပြလျက်ရှိသော်လည်း အသင်း၌ မကစားလိုတော့ဘဲ အသင်းသစ်သို့ပြောင်းရွှေ့ကစားလိုသည့်အတွက် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အက်သလက်တီကို အသင်းမှ ပြန်လည်ထွက်ခွာရန် ဆုံးဖြတ်ထားပြီး အက်သလက်တီကိုအသင်းကလည်း ထိုက်သင့်သည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိမည်ဆိုပါက ထွက်ခွာခွင့်ပေးမည်ဖြစ်သည်။

အက်သလက်တီကိုအသင်းနှင့် အယ်ဗာရက်တို့ အနာဂတ်မရေရာမှုများရှိလာပြီးနောက် ၎င်းကို လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ဘာစီလိုနာအသင်းကလည်း လီဝန်ဒေါ့စကီး၏ နေရာ၌ အစားထိုးရန် ခေါ်ယူလိုသကဲ့သို့ ပရီးမီးယားလိဂ်ထိပ်တန်းအသင်းကြီးများဖြစ်သည့် လီဗာပူးအသင်း၊ ချယ်လ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့ကလည်း ခေါ်ယူရန်ပြင်ဆင်နေသည်။ လက်ရှိတွင် ပီအက်စ်ဂျီအသင်းက အယ်ဗာရက်အား ခေါ်ယူရာတွင် ပြိုင်ဘက်အသင်းများထက် လက်ဦးမှုရယူလိုသည့်အတွက် ပြောင်းရွှေ့ကြေးတစ်ရပ်ပေးချေမည့်အပြင် ကစားသမားနှစ်ဦးကိုပါ အလိုက်ပေးရန်စီစဉ်နေကြောင်း သိရသည်။

Ref;Fotmob

# ဥတ္တရသီရိမြို့နယ်၌ အမျိုးသမီးတစ်ဦးအား အဓမ္မပြုကျင့်သတ်ဖြတ်ကာ ဆိုင်ကယ်နှင့်ရွှေထည်ပစ္စည်းများအား လုယက်ယူဆောင်ခဲ့မှုမှ ပြစ်မှုကျူးလွန်သူများနှင့် သက်သေခံပစ္စည်းများဖျောက်ဖျက်ရာတွင် ပါဝင်ကျူးလွန်သူများအား ဥတ္တရခရိုင်တရားရုံးမှ ပြစ်မှုထင်ရှားသဖြင့် ထိရောက်ပြစ်ဒဏ်အမိန့်များချမှတ်

ဥတ္တရသီရိမြို့နယ်၌ အမျိုးသမီးတစ်ဦးအား အဓမ္မပြုကျင့်ကာ သတ်ဖြတ်ပြီး ဆိုင်ကယ်နှင့် ရွှေထည်ပစ္စည်းများအား လုယက်ယူဆောင်သွားသူ တရားခံများ၏မှတ်တမ်းဓာတ်ပုံ။



သိန်းဇော်(ခ)ကိုသိန်း



သောင်းဝင်းအောင်(ခ)ချစ်ဖူး

ဥတ္တရသီရိမြို့နယ်၌ အမျိုးသမီးတစ်ဦးအား အဓမ္မပြုကျင့်ကာ သတ်ဖြတ်ပြီး ဆိုင်ကယ်နှင့် ရွှေထည်ပစ္စည်းများအား လုယက်မှု ဖြစ်စဉ်မှ သက်သေခံပစ္စည်းများ ရောင်းချဖျောက်ဖျက်ရာတွင် ပူးပေါင်းပါဝင်ကျူးလွန်ခဲ့ကြသည့် တရားခံများ၏မှတ်တမ်းဓာတ်ပုံ။



အောင်ကိုဦး(ခ)ဘယ်ကြီး



နန်းရွှေစင်(ခ)ကုလားမ



အောင်ဇော်(ခ)ကိုဇော်

နေပြည်တော် ဇန်နဝါရီ ၂၉

နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့နယ်၌ အမျိုးသမီးတစ်ဦးအား အဓမ္မပြုကျင့်ပြီး သတ်ဖြတ်ကာ ဆိုင်ကယ်နှင့် ရွှေထည်ပစ္စည်းများအား လုယက်ယူဆောင်ခဲ့မှုမှ ပြစ်မှုကျူးလွန်သူများနှင့် သက်သေခံပစ္စည်းများ ဖျောက်ဖျက်ရာတွင် ပါဝင်ကျူးလွန်သူများအား ဇန်နဝါရီလ ၂၈ ရက်တွင် ဥတ္တရခရိုင်တရားရုံးမှ ပြစ်မှုထင်ရှားသဖြင့် ထိရောက်ပြစ်ဒဏ်အမိန့်များ အသီးသီးချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် ဥတ္တရသီရိမြို့နယ်၊ မောင်းရမ်းအုပ်စု၊ မောင်းရမ်းကျေးရွာနေ မအိအိငြိမ်း (၂၃) နှစ်သည် ၎င်း၏နေအိမ်မှ ယောက္ခမဖြစ်သူ နေအိမ်သို့ တစ်ဦးတည်းဆိုင်ကယ်ဖြင့် ထွက်ခွာသွားခဲ့ရာ ညနေ ၆ နာရီခွဲအချိန်တွင် ဇလောင်းအုပ်စု၊ ငန်းစပ်ကျေးရွာ၊ V 4 လမ်း၊ ရွှေနံ့သာသားသတ်ရုံ၊ မျက်စောင်းထိုးကားလမ်းအရှေ့ဘက်ခြမ်း ချုံတောအတွင်း၌ ဒဏ်ရာများဖြင့်သေဆုံးလျက် ပြန်လည်တွေ့ရှိရပြီး ၎င်းမောင်းနှင်သွားသည့်ဆိုင်ကယ်နှင့် ရွှေထည်ပစ္စည်းများ ပျောက်ဆုံးမှုဖြစ်ပွားခဲ့သဖြင့်တောင်ညို နယ်မြေရဲစခန်း (ပ)အမှတ် ၄၆/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၉၄ ဖြင့် အမှုရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိနိုင်ရေးဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်ခဲ့သူများသည် ဇမ္ဗူသီရိမြို့နယ်တွင် ဆောက်လုပ်ရေးလုပ်ငန်း လာရောက်လုပ်ကိုင်သူများဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ဖမ်းဆီးရမိနိုင်ရေးဆောင်ရွက်ခဲ့ရာ ကဝမြို့နယ်၊ အင်းမော်ကျေးရွာနေ သိန်းဇော်(ခ)ကိုသိန်း (၄၃)နှစ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ အမှတ်(၆၇)ရပ်ကွက်နေ သောင်းဝင်းအောင် (ခ) ချစ်ဖူး (၂၃)နှစ်၊ ဒက္ခိဏသီရိမြို့နယ်၊ စိုက်ခင်း(၃)ကျေးရွာနေ အောင်ကိုဦး (ခ) ဘယ်ကြီး (၂၇)နှစ်နှင့် ကဝမြို့နယ်၊ ဝါးတောကျေးရွာနေ နန်းရွှေစင်(ခ) ကုလားမ (၄၁)နှစ်တို့အား ဖြစ်စဉ်တွင် ပျောက်ဆုံးနေသည့် CANDA 110 ဆိုင်ကယ်တစ်စီးနှင့်အတူ စက်တင်ဘာလ ၁ ရက်နေ့ ညပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဆောက်လုပ်ရေး လုပ်ငန်းခွင်တစ်ခုမှ ဖမ်းဆီးရမိခဲ့ပြီး ပူးပေါင်းပါဝင်ခဲ့သည့် ဒေးဒရဲမြို့၊ အမှတ်(၂) ရပ်ကွက်နေ အောင်ဇော်(ခ)ကိုဇော် (၄၄)နှစ်အား စက်တင်ဘာလ ၂ ရက်နေ့ ညပိုင်းတွင် ဒက္ခိဏသီရိမြို့နယ်၊ စိုက်ခင်း(၃)ကျေးရွာ၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များအရ သိန်းဇော်(ခ) ကိုသိန်းနှင့် သောင်းဝင်းအောင်(ခ) ချစ်ဖူးတို့သည် အခင်းဖြစ်နေ့က အရက်သေစာသောက်စားနေစဉ် မအိအိငြိမ်း မောင်းနှင်လာသည့် ဆိုင်ကယ်အားတွေ့ရှိ၍ တားဆီးကာ အဓမ္မဝိုင်းဝန်းပြုကျင့်စဉ် မအိအိငြိမ်းမှ ရုန်းကန်ထွက်ပြေး၍ သစ်သားတုတ်ဖြင့် လည်ပင်းနှင့် ဦးခေါင်းတို့အား ၈ ချက်ခန့်ရိုက်နှက်ခဲ့ရာ သေဆုံးသွားခဲ့သဖြင့် မအိအိငြိမ်းထံမှ ရွှေလက်စွပ် ၁ ကွင်း၊ ရွှေနားကပ် ၁ ရန်နှင့် ဆိုင်ကယ်တို့အား ယူဆောင်ခဲ့ကြောင်းနှင့် အောင်ကိုဦး(ခ) ဘယ်ကြီး၊ နန်းရွှေစင်(ခ) ကုလားမနှင့် အောင်ဇော်(ခ)ကိုဇော်တို့မှ လုယက်ယူဆောင်ခဲ့သည့် ရွှေထည်ပစ္စည်းများနှင့် ဆိုင်ကယ်တို့အား ရောင်းချဖျောက်ဖျက်ရာတွင် ပူးပေါင်းပါဝင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ၎င်းတို့ငါးဦးအား တောင်ညိုနယ်မြေရဲစခန်းမှ ဥတ္တရခရိုင်တရားရုံးသို့ ရာဇသတ်ကြီးပုဒ်မ ၃၀၂/ ၃၇၆/ ၃၇၇/ ၃၉၄/ ၃၁၆ အရ တရားစွဲတင်ပို့ခဲ့ရာ ရာဇဝတ်ကြီးမှုအမှတ် ၄၁/၂၀၂၅ ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ပြစ်မှုထင်ရှားသဖြင့် မအိအိငြိမ်းအား အဓမ္မပြုကျင့်ကာ တုတ်နှင့်ရိုက်သတ်၍ နားကပ်၊လက်စွပ်နှင့်ဆိုင်ကယ်တို့ကို လုယက်ယူဆောင်သွားသူ တရားခံ သိန်းဇော်(ခ) ကိုသိန်းနှင့် သောင်းဝင်းအောင် (ခ) ချစ်ဖူးတို့အား ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ဂ) အရ မသေမချင်း လည်ပင်းကြိုးကွင်းစွပ်၍ သတ်စေရန် (သေဒဏ်)၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄ အရ ထောင်ဒဏ် နှစ် (၂၀)(နှစ်နှစ်ဆယ်)၊ ရာဇသတ်ကြီးပုဒ်မ ၃၇၆ (၁) အရ ထောင်ဒဏ် နှစ် (၂၀) (နှစ်နှစ်ဆယ်)၊ ရာဇသတ်ကြီးပုဒ်မ ၃၇၇ အရ ထောင်ဒဏ် နှစ် (၂၀) (နှစ်နှစ်ဆယ်)၊ ရာဇသတ်ကြီးပုဒ်မ ၃၁၆ အရ ထောင်ဒဏ် (၁၀)နှစ် (ဆယ်နှစ်)စီ အသီးသီးကျခံစေရန်နှင့် ပြစ်ဒဏ်များအား သီးခြားစီကျခံစေရန်ဟုလည်းကောင်း၊ ရွှေထည်ပစ္စည်းများနှင့် ဆိုင်ကယ်အား ရောင်းချဖျောက်ဖျက်ရာတွင် ပါဝင်ကျူးလွန်ခဲ့ကြသည့် တရားခံ အောင်ကိုဦး (ခ) ဘယ်ကြီး၊ နန်းရွှေစင် (ခ) ကုလားမ၊ အောင်ဇော်(ခ)ကိုဇော်တို့အား ရာဇသတ်ကြီးပုဒ်မ ၄၁၄ အရ ထောင်ဒဏ် (၃) နှစ် (သုံးနှစ်)၊ ရာဇသတ်ကြီးပုဒ်မ ၂၀၂ အရ ထောင်ဒဏ် (၆)လ (ခြောက်လ) စီ အသီးသီး ကျခံစေရန်နှင့် ပြစ်ဒဏ်များအားသီးခြားစီ ကျခံစေရန်ဟုလည်းကောင်း အသီးသီး အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။(၁၀၀)

# ပဲခူးမြို့၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ကျင်းပလျက်ရှိ



ပဲခူး ဇန်နဝါရီ ၂၉

(၇၉)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် ပဲခူးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲကို ယမန်နေ့ညနေပိုင်းမှ စတင်၍ ပဲခူးမြို့ ဥသျှောင်မြို့သစ်ရှိ ပဲခူးခရိုင်အားကစားကွင်း၌ ကျင်းပလျက်ရှိသည်။

ပထမပွဲစဉ်အဖြစ် ကျောက်ကြီးစုရပ်ကွက်ဘောလုံးအသင်းနှင့် အင်းတကော်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ပဲခူးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဘောလုံးဝါသနာရှင်များက ကြည့်ရှုအားပေးကြကြောင်းသိရသည်။

အဆိုပါ(၇၉)နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပဲခူးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲအား မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရေး၊ မြို့နယ်အတွင်းရှိ ပြည်သူများ ဘောလုံးအားကစားကို စိတ်ဝင်စား၍ ပါဝင်လှုပ်ရှားလာစေရေး၊ မြို့နယ်ဘောလုံးအားကစားအဆင့်အတန်းတိုးတက်လာစေရေး၊ အားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရေး၊ မြို့နယ်အဆင့်မှ ခရိုင်၊ တိုင်းဒေသကြီး ထိုမှတစ်ဆင့် နိုင်ငံ့လက်ရွေးစင်အားကစားသမားများပေါ်ထွက်လာစေရေးတို့ကို အဓိကရည်ရွယ်၍ ကျင်းပလျက်ရှိရာ ဖေဖော်ဝါရီလ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပဲခူးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများမှ ပြိုင်ပွဲဝင် ဘောလုံးအသင်း ၁၆ သင်း ပါဝင်ကာ အုပ်စုလေးအုပ်စုခွဲ၍ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၄၀၁)

◆ **ကျောဖုံးမှအဆက်**

စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကင်ညာသမ္မတနိုင်ငံသံရုံးမှ Deputy Ambassador Mrs. Nancy Wanjiru Mwangi နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ Counsellor Mr. Vinsky Wattimena နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့်နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့်လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**ပျောက်ဆုံးကြောင်း**

ခင်သန်းဝင်း(ဘ)တွမ်ဖုန် ၁၃/တမည(နိုင်)၀၀၂၇၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

**ပျောက်ဆုံးကြောင်း**

တင်ဝင်းနိုင်(ဘ)ဦးစိုးဝင်း ၁၄/ကခန(နိုင်)၀၉၇၁၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

**ပျောက်ဆုံးကြောင်း**

နန်းအေးခန်း(ဘ)ဦးတီစိန် ၁၃/မဖတ(နိုင်)၀၂၉၃၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၁၆၃၇၅၇၄

**ပျောက်ဆုံးကြောင်း**

ခင်နှင်းလှိုင်ဦး(ဘ)ဦးတင်ဦး ၁၂/မရက(နိုင်)၀၀၃၈၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၆၄၁၅၅၆၀

**ပျောက်ဆုံးကြောင်း**

အောင်ဇော်ဟိန်း(ဘ)ဦးဇော်မင်းထွန်း ၉/ညဥန(နိုင်)၂၂၁၆၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 387871)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၇၉၉၇၄၆၆

**ပျောက်ဆုံးကြောင်း**

ခင်ဦးမောင်(ဘ)ဦးအောင်ထွန်းညို ၁၂/ရပသ(နိုင်)၀၆၅၀၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၈၉၀၀၄၀၀၇

**ပျောက်ဆုံးကြောင်း**

မြင့်သိန်းဦး(ဘ)ဦးလှသိန်း ၉/မရမ(နိုင်)၀၈၀၁၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၆၄၅၀၃၉၉

**ပျောက်ဆုံးကြောင်း**

နော်မော်မြာ(ဘ)ဦးရှီးရှိ ၂/ဒမဆ(နိုင်)၀၃၂၆၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၄၂၉၇၃၈၆

**ပျောက်ဆုံးကြောင်း**

ဝင်းကိုကို(ဘ)ဦးမြသိန်း ၉/ကပတ(နိုင်)၁၉၆၆၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၃၅၆၉၉၃၂

**ပျောက်ဆုံးကြောင်း**

ပန်းဆုစန္ဒီ(ဘ)စိုင်းစိုးမောင် ၁၃/တမန(နိုင်)၁၅၁၈၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

**ပျောက်ဆုံးကြောင်း**

စိုင်းအောင်ခမ်း(ဘ)ဦးစိုင်းနွံ ၁၃/ကတန(နိုင်)၁၃၀၄၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၁၁၄၈၈၉၈

**ပျောက်ဆုံးကြောင်း**

တင်လေးမွန်(ဘ)ဦးမြင့်အောင် ၁၄/ဘကလ(နိုင်)၁၉၀၆၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ပြည့်ပြည့်အောင်(ဘ)ဦးခင်မောင်သက် ၉/မထလ(နိုင်)၃၂၇၉၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ပြည့်ပြည့်ဖြိုး(ဘ)ဦးစံလှ ၁၃/မဆတ(နိုင်)၀၆၇၅၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 952625)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၇၄၀၆၄၁

**ပျောက်ဆုံးကြောင်း**

ချောစုဝင်း(ဘ)ဦးအာလျို ၉/ပဥလ(နိုင်)၀၉၉၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 350421)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၂၅၁၆၅၈၈

**ပျောက်ဆုံးကြောင်း**

နော်ဂေးမူးဖော(ဘ)ဦးစောမူးလို ၁၄/အမန(နိုင်)၁၈၅၂၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၂၈၅၁၁၂၀

**ပျောက်ဆုံးကြောင်း**

သန်းထွန်း(ဘ)ဦးချစ်စိန် ၁၀/သဖရ(နိုင်)၁၁၁၇၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 582569)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၅၅၆၈၈၅၀

**ပျောက်ဆုံးကြောင်း**

သင်းသင်းဌေး(ဘ)ဦးအောင်မြင့်သန်း ၁၄/ဆေန(နိုင်)၀၀၈၄၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**အမည်မှန်**

နတ်မောက်မြို့၊ ဈေးရပ်ကွက်နေ အဘ ဦးသိန်းဇော်မိုး ၈/နမန(နိုင်)၀၉၀၃၃၂ ၏သမီး မချစ်စုဝင်း ၈/နမန(နိုင်)၂၄၁၄၉၈ ၏အမည်မှန်မှာ မချစ်စုသော်ဖြစ်ပါကြောင်း။

မချစ်စုသော်




**ပျောက်ဆုံးကြောင်း**

ကြည်နိုင်(ဘ)ဦးအိုက်ကြီး ၁၃/လရန(နိုင်)၂၇၃၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 642767)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

**ပျောက်ဆုံးကြောင်း**

နတ်မောက်မြို့နယ်နေ ဒေါ်မြတ်သူဇာ(ဘ)ဦးနိုင်မိုး ၈/နမန(နိုင်)၂၄၉၃၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 282512)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၉၅၅၆၃၄၃၉

**ပျောက်ဆုံးကြောင်း**

သူဇာစိုး(ဘ)ဦးစိုးမြင့်၇/သဝတ(နိုင်)၀၀၁၀၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 033852)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၁၁၇၀၇၇

**ဖခင်အမည်မှန်**

ပဲခူးမြို့၊ မူလွန်ကျောင်းမှ ဒုလယ်ပြဒေါ်စောနန်းနွယ်၏ ဖခင်အမည်မှန်မှာ ဦးမောင်ငြိမ်းဖြစ်ပါကြောင်း။

ဦးမောင်ငြိမ်း

**ပျောက်ဆုံးကြောင်း**

ဒေါ်စန္ဒာ(ဘ)ဦးဇော်နိုင် ၉/မကန(နိုင်)၂၀၁၅၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၁၂၃၂၄၁

**ပျောက်ဆုံးကြောင်း**

ဘိုချစ်(ဘ)ဦးမောင်သင့် ၉/တသန(နိုင်)၂၄၀၅၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 394672)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း**

ရာသက်ပန်(ဘ)ဦးအောင်ဝင်း ၁/ဗမန(နိုင်)၁၁၉၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၁၄၁၁၆၄၂

**ပျောက်ဆုံးကြောင်း**

မြနှင်းဖြူ(ဘ)ဦးဝင်းဦး ၈/ခမန(နိုင်)၂၃၉၁၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၃၃၄၅၃၇၁

**ပျောက်ဆုံးကြောင်း**

ကျော်မျိုး(ဘ)ဦးလှိုင်ဝင်း ၆/ကသန(နိုင်)၀၀၄၈၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**

သက်မှူးလှိုင်(ဘ)ကျော်စွာထွန်း ၁၀/ခဆန(နိုင်)၁၅၆၈၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**မွေးသက္ကရာဇ်အမှန်**

လယ်ဝေးမြို့နယ်၊ ဒလန့်ချွန်ကျေးရွာနေ အဘ ဦးထွန်းရှိန်၏သား ဦးသန်းဌေး ၉/လဝန(နိုင်)၀၆၅၂၀၁ ၏မွေးသက္ကရာဇ်အမှန်မှာ ၁၆-၁၁-၁၉၇၀ ဖြစ်ပါကြောင်း။

၁၆-၁၁-၁၉၇၀

**ပျောက်ဆုံးကြောင်း**

စောတာအယ်ဒါး(ဘ)စောအောင်ထွန်း ၇/သဝတ(နိုင်)၀၉၅၁၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၂၁၈၁၂၁၂

**ပျောက်ဆုံးကြောင်း**

မျိုးမြင့်(ဘ)ဦးအောင်သန်းအေး ၁၂/အစန(နိုင်)၂၀၇၈၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၇၃၄၅၄၄၅

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေးရာထူး(၄၆)နေရာနှင့် စစ်ဆေးရေးမှူး-၄(ငွေ)ရာထူး(၁)နေရာကို ရွေးချယ်ခန့်ထားမည်ဖြစ်ပါသည်။ ရွေးချယ်ခံရသူများသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး အောက်ဖော်ပြပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး/ လစာနှုန်း(ကျပ်) | လစ်လပ်နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၄၆ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ |
| ( ခ ) | စစ်ဆေးရေးမှူး-၄(ငွေ) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၁ နေရာ | တက္ကသိုလ်ဝင်တန်းအောင်မြင်သူ |

၂။ လျှောက်ထားသူများသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- ( ခ ) (၂၈-၂-၂၀၂၆)ရက်နေ့တွင် အသက်(၂၇)နှစ်၊ နိုင်ငံ့ဝန်ထမ်းများဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- ( ဂ ) ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူ ဦးစားပေးမည်။ (အငယ်တန်းစာရေးရာထူးအတွက်သာ)
- (ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- ( င ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
- ( စ ) အနည်းဆုံး(၅)နှစ်တစ်ဆက်တည်း တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိစာချုပ်ချုပ်ဆိုရမည်ဖြစ်ပြီး စာချုပ်စည်းမျဉ်းစည်းကမ်းဖောက်ဖျက်ပါက ဝန်ခံကတိအရ ကျန်ရှိသည့်ကာလအတွက် လျော်ကြေးငွေပေးလျော်ရမည်။
- (ဆ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း၊ ရာထူးမှထုတ်ပယ်ခြင်း၊ ရာထူးခန့်ထားခြင်းအမိန့်စာမှပယ်ဖျက်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြပြီး လျှောက်ထားသူကိုယ်တိုင် လက်မှတ်ရေးထိုးပေးပို့ရမည်-
- (က) လျှောက်ထားသည့်ရာထူးအမည်
- ( ခ ) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
- ( ဂ ) မွေးနေ့သက္ကရာဇ်နှင့်အသက်
- (ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
- ( င ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊ အောင်မြင်ခဲ့သည့်ကျောင်း၊ တက္ကသိုလ်
- ( စ ) မိဘအမည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်
- (ဆ) အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့် အလုပ်သမားရုံးအမည်
- ( ဇ ) ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ လစာနှုန်းနှင့် ဌာနအမည်
- ( ဈ ) ဆက်သွယ်ရန်နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်
- (ည) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-
- (က) တစ်လအတွင်းရိုက်ကူးထားသောပတ်စ်ပို့ဓာတ်ပုံ(၁ လက်မ x ၁ လက်မ)(၃)ပုံ
- ( ခ ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)
- ( ဂ ) ဘွဲ့လက်မှတ်(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)
- (ဃ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မိတ္တူ)သို့မဟုတ် နောက်ဆုံးပညာသင်ကြားခဲ့သည့် ကျောင်းထောက်ခံချက်
- ( င ) သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းတို့မှ(တစ်လအတွင်းရရှိသည့်)ထောက်ခံချက်(မူရင်း)
- ( စ ) အိမ်ထောင်စုစာရင်းမိတ္တူ
- (ဆ) ဝန်ထမ်းဖြစ်ပါက ကိုယ်တိုင်ဝန်ခံချက်
- ( ဇ ) ဝန်ထမ်းမဟုတ်လျှင်(၆)လအတွင်းပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မိတ္တူ)

၅။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး၊ နေပြည်တော်သို့လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍သော်လည်းကောင်း (၂၀-၂-၂၀၂၆)ရက်နေ့နောက်ဆုံးထား၍ လျှောက်ထားရမည်။

၆။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲခွင့်ပြုလက်မှတ်ပါရှိသည့်လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့် ဝန်ကြီးဌာနမှတစ်ဆင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ (၂၇-၂-၂၀၂၆)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရမည်။

၇။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသောလျှောက်လွှာများ၊ အချက်အလက်၊ စာရွက်စာတမ်းမပြည့်စုံသည့်လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့် မကိုက်ညီသည့်လျှောက်လွှာများကို (လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၈။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများကိုသာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကို ရေးဖြေစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၉။ ဖြေဆိုခွင့်ရရှိသူစာရင်းနှင့် ရေးဖြေစစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်းကျင်းပမည့် နေ့ရက်၊ အချိန်နှင့်နေရာတို့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် Website www.cbm.gov.mm တွင် ကြေညာမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းပြုလုပ်မည်ဖြစ်ပါသည်။

၁၀။ ဖြည့်သွင်းရမည့် လျှောက်လွှာပုံစံကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် Website www.cbm.gov.mm တွင် Download ဆွဲ၍ရယူနိုင်ပါသည်။

၁၁။ အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန(နေပြည်တော်)၊ ဝန်ထမ်းရေးရာဌာနစိတ်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်း အမှတ်- ၀၆၇ ၃၄၁၈၅၉၃ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပျောက်ဆုံးကြောင်း**

ဆွေဆွေဦး(ဘ)ဦးအုန်းမြင့် ၁၄/လမန(နိုင်)၁၀၁၃၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၉၉၉၃၉၅၉

**ပျောက်ဆုံးကြောင်း**

မောင်နိုင်စိုး(ဘ)ဦးစိုးမြင့် ၄/လမန(နိုင်)၀၉၄၉၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၉၉၉၃၉၅၉

**ပျောက်ဆုံးကြောင်း**

ကလေးမြို့၊ ကြို့သုံးပင်(၂)နေ မောင်ပါအိုအင်ထန်(ဘ)ဦးပုမ်ငိုက်ထန် ၅/ကလထ(နိုင်)၃၂၆၁၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 863818)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ခင်သရဖီကျော်(ဘ)ဦးသစ်ဆွေဦး ၈/ကမန(နိုင်)၀၈၄၅၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**အလိမ္မာစာမှာရှိ**


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအားစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
Black Tea
ရွှေဖီဦး
Tea Mix
Lemon Tea
SHWE PHE OO
Lemon Tea
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
ရွှေဖီဦး BLACK TEA (နောင်တရား) ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။


ဘိလပ်မြေစက်ရုံ(တန် – ၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန် – ၁၂၀၀) ပြည်ညောင်တို့မှ
ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား
စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ
စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
RHINO
PORTLAND CEMENT
PRODUCT OF MEC
EXPORT QUALITY
DOUBLE ELEPHANT
PORTLAND CEMENT
PRODUCT OF MYANMAR
OPC-EN 197-1:2000
CEM-I 42.5N
BLUE DIAMOND
CEMENT
PORTLAND CEMENT
50 Kg
မြင်းပျံ
PORTLAND CEMENT
BS 12 : 1996 , 42.5 N
PRODUCT OF MYANMAR
SINCE 1986
ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉၂၁၁ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊
၀၉ - ၇၇၇ ၀၀၄ ၀၉၇
ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀


အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
ISO 9001
BUREAU VERITAS
Certification
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၉၊ email : scfg.kyaukse@gmail.com


ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်

❖ လူသားများ၏လုပ်ဆောင်မှုကြောင့် ရာသီဥတုပြောင်းလဲလာခြင်းဖြစ်သဖြင့် လူသားများကပင် ပြန်လည်ထိန်းသိမ်းဆောင်ရွက်ကြရန်လို . . .

❖ ထို့ကြောင့် သစ်တောသစ်ပင်များစိုက်ပျိုးပေးခြင်း၊ ထိန်းသိမ်းခြင်းနှင့် စောင့်ရှောက်ပေးခြင်းများသည် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက်ထိန်းချုပ်ပေးသည့် အခြေခံအကြောင်းအရာတစ်ခုဖြစ် . . .

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင်ပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၂၅ ခုနှစ်၊ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# မန္တလေး-လားရှိုးလမ်းပိုင်းရှိ ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင် ရှခင်းကြည့် Sight Seeing ရထားခရီးစဉ် ခရီးသည်စီးနင်းမှုများပြား



နေပြည်တော် ဇန်နဝါရီ ၂၉

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ပြည်တွင်းမှခရီးသွားလာမည့် ပြည်သူများ၊ နိုင်ငံခြားသားခရီးသွားလာသူများအား သမိုင်းဝင်ဂုတ်ထိပ်တံတားကြီးအား လေ့လာကြည့်ရှုနိုင်ရန်နှင့် လမ်းခရီးရှိ ရေမြေတောတောင်သဘာဝရှုခင်းများ

စာမျက်နှာ ၂၅ ကော်လံ ၁ ■

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

စာ - ၄ သို့

# အစိုးရရုံးပိတ်ရက်များနှင့် တရုတ်နှစ်သစ်ကူးနေ့ ရုံးပိတ်ရက်ကြား ဖေဖော်ဝါရီလ ၁၆ ရက်ကို ရုံးပိတ်ရက်အဖြစ် သတ်မှတ်ထားရှိ

နေပြည်တော် ဇန်နဝါရီ ၂၉

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နှင့် ၁၅ ရက်(စနေ၊ တနင်္ဂနွေနေ့)သည် အစိုးရရုံးပိတ်ရက်များဖြစ်ပြီး အများပြည်သူအလုပ်ပိတ်ရက်ဖြစ်သည့် ၁၇ ရက်(တရုတ်နှစ်သစ်ကူးနေ့)ကြားရှိ ဖေဖော်ဝါရီလ ၁၆ ရက်ကို တစ်ဆက်စပ်တည်းရုံးပိတ်ရက်အဖြစ်သတ်မှတ်၍ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက် (စနေနေ့)ကို အစားထိုးရုံးတက်ရက်အဖြစ် သတ်မှတ်ထားကြောင်း သိရှိရသည်။

မြဝတီ

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင်ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၂၇ ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂၉

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ–ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၉၁ ဦးနှင့် ကင်ညာနိုင်ငံသား ၃၆ ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ၁၂၇ ဦးတို့အား မြန်မာ - ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးစံရွှေနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ

စာမျက်နှာ ၂၉ ကော်လံ ၁ ◆



အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင်ဆက်စပ်ပါဝင်ခဲ့ကြသည့်ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်စဉ်။

